ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (16-12-2007) (၅၅၃၃)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြင်ဦးလွင်မြို့ ရေပေးရေးလုပ်ငန်း အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွဲကောက်ရေလှောင်တမံစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံကို ခြောက်ပေထပ်မံမြှင့်တင် ရတနာပုံမြို့သစ် ရေရရှိရေးအတွက် ပြင်စာရေလှောင်တမံကို အကောင်အထည်ဖော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ပတ်ဝန်းကျင်ရှိ ရေအရင်းအမြစ်များနှင့် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ကို လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားနိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ရေသရောက်ကုန်းကျေးရွာအနီး၌ တည်ဆောက်မည့် ပွဲကောက်ရေလှောင်တမံလုပ်ငန်းနေရာနှင့် ဆင်လမ်းကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသော ဆင်လမ်းရေလှောင်တမံတို့ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကိုလည်းကောင်း လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင်းသဘင်အခမ်းအနား တက်ရောက်ရန်နိုးဆော်

နေပြည်တော် ဒီဇင်ဘာ ၁၅

**၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့၏ ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၂ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါအစည်းအဝေးခန်းမ၌ပင် အစမ်းလေ့ကျင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံး တက်ရောက်ကြရန်ဖြစ်သည်။**

နယ်မှ ဆုရရှိသူများသည် နေပြည်တော်သို့တိုက်ရိုက်လာပါက နေပြည်တော်ပျဉ်းမနား ဘူတာရုံ၊ လေဆိပ်နှင့် ကားဂိတ်များတွင် ကြိုဆိုရေးအဖွဲ့များနှင့် ဆက်သွယ်ကြရန်နှင့် သတင်းပို့မေးမြန်းလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၇၅ သို့လည်းကောင်း၊ ရန်ကုန်မှ ထွက်ခွာကြမည့် စာပေပညာရှင်များနှင့် ဆုရရှိသူများသည် စာပေဗိမာန်စာတည်းမှူးချုပ် ဖုန်း-၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့လည်းကောင်း ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရှိရသည်။

ဆုရရှိသူများအားလုံး ဒီဇင်ဘာ ၂၁ ရက်(သောကြာနေ့) ညနေ နောက်ဆုံးထား၍ အမှတ်(၇) တည်းခိုရေးစခန်း ရွာတော် နေပြည်တော်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၆-၁၂-၂၀၀၇
(တနင်္ဂနွေနေ့)

# သစ္စာလေးချက် အသက်နှင့်ထပ်တူ စောင့်ထိန်း နိုင်ငံတော်ကို စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၁၄ ရက်နေ့က ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၀) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင်-

**“ရဲဘော်တို့ဟာ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကြပါ၊ သစ္စာလေးချက်ကို အသက်နဲ့ထပ်တူ စောင့်ထိန်းကြပါ၊ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ဆောင်ကြပါ၊ တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာထမ်းဆောင်ကြပါ၊ စစ်သည်တော် ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းကြပါ၊ ဘက်စုံ ကဏ္ဍစုံမှာ အခြေအနေကောင်းတွေ ရရှိနေပြီဖြစ်တဲ့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖွံ့ဖြိုး တိုးတက်မှုနဲ့အတူ ညင်သာစွာ ပြောင်းလဲတည်ဆောက်ရာမှာ ကျရာ တာဝန်ကို အားကြိုးမာန်တက် ထမ်းဆောင်ကြပါ”**ဟူ၍ မှာကြားသည်။

တပ်မတော်သည် သမိုင်းအဆက်ဆက်တွင် ဒို့တာဝန် အရေးသုံးပါး ကို ဦးထိပ်ထားပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထာဝစဉ် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ သင်တန်းဆင်းအရာရှိငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုး ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ စစ်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေး စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေစေရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့အပြင် ခေါင်းဆောင်ငယ်များအနေဖြင့် လက်အောက်ခံ တပ်ဖွဲ့ဝင်များ၏ ယုံကြည်လေးစား အားထားရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်လည်း ကြိုးစားကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် သာမန်ထက်မြင့်မားသည့် အရည်အချင်း၊ စွမ်းရည်များဖြင့် ပြည့်စုံပြီး ဦးဆောင်နိုင်စွမ်းရှိသူများ ဖြစ်ကြရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်အလေး ထားပြီး ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာစောင့်ထိန်းသွားကြရမည်ဖြစ်သည်။

နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်သည့် သင်တန်းဆင်း အရာရှိငယ်များသည် တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထု ပိုင်နက် နယ်နိမိတ်ကို ကာကွယ် စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အားကြိုးမာန်တက် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါ သည်။ ။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂဟာ မြန်မာ ကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧကေ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူနှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးကံညွန့်အား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် (၁၆၆)လမ်းနေ ဇနီး ဒေါ်တင်အေးနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဇောတိက(သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

| ပြည်သူ့ သဘောထား | |
|---|---|
| ★ | ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| ★ | နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| ★ | နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ |
| ★ | ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

## ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များဖြန့်ချီ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ အဆိုပါ စာအုပ်များမှာ ၂၀၀၄ခုနှစ် ကဗျာပေါင်းချုပ် ပထမဆုရ အောင်သာဆန်း(သံတွဲ)၏ ပန်းကောင်းရနံ့ဆွတ်ပျံ့ဝေ ကဗျာစုစာအုပ်၊ သုတေသန စာပေဆုရ တက္ကသိုလ်ကိုလတ်၏ ပြည်ပဈေးကွက်ဝင် မြန်မာ့ပင်လယ်ငါး စာအုပ်၊ ၂၀၀၅ခုနှစ် ကဗျာပေါင်းချုပ် ပထမဆုရသန်းအောင်(အညာမြေ)၏ အမေ့အလှပန်းအလှစာအုပ်၊ သုတေသန စာပေ ဒုတိယဆုရ နီငြိမ်း(အညာတက္ကသိုလ်)၏ အညာကျေးလက်စာပေ ဥယျာဉ် စာသဘင်စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ မွေးမေကို ဘယ်လိုပြောရမယ်နှင့် အခြားဝတ္ထုတိုများ စာအုပ်နှင့် ကျမ်းစာပေတတိယဆုရ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ တောင်စွန်းရောရောင်စုံဖြာ စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် ဒုတိယထပ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မော်လမြိုင် ပညာရေးကောလိပ်(မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ)၌ ပညာသင်ကြားခဲ့ကြသောကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၇၅ ဦး တို့အား ပူဇော်ကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အဆိုပါ ကောလိပ်၌ ဒုတိယအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် မွန်ပြည်နယ် ပညာရေးမှူး ဦးထွန်းရီ ဖုန်း-၀၅၇-၂၇၁၄၉၊ ကရင်ပြည်နယ်ပညာရေးမှူး ဦးအန်းကူ ဖုန်း-၀၅၈-၂၁၁၃၃၊ အငြိမ်းစား သံဖြူဇရပ်မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦး ဖုန်း-၀၅၇-၇၉၀၄၁၊ မော်လမြိုင်ပညာရေးကောလိပ် ကာယဌာနနည်းပြ ဦးမင်းပန်းအေးနှင့် သဘောတရားဌာန လက်ထောက်ကထိက ဒေါ်မေသန်းကြည် ဖုန်း-၀၅၇-၂၇၁၆၈၊ ဘားအံပညာရေးကောလိပ်ဌာနမှူး ဒေါ်ဟန်ရွှေ ဖုန်း-၀၅၈-၂၂၉၁၀နှင့် လိုက်ပါလိုသူများသည် အငြိမ်းစားဆရာမ ဒေါ်သန်းဌေး ဖုန်း-၀၁-၅၁၀၇၇၄ တို့ထံ ဆက်သွယ်နိုင်သည်။ (က-ပ)

## မတ္တရာ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်း မတ္တရာမြို့ အခြေခံပညာထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပါရန်နှင့် ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်ဇော(တရားရုံးချုပ်ရှေ့နေ)ဖုန်း-၀၂၇၉၀၅၃၊ ဒေါ်ခင်မြင့်(အထက်တန်းပြ) ဖုန်း-၀၂၇၉၄၈၁၊ ဦးထွန်းမြိုင် (အောင်ကြီးကဖီး၊ မန္တလေးမြို့) ဖုန်း-၀၂၃၃၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ရေနံတွင်းများ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Doo Sung ဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၆ရက်မှ ၂၀၀၈ခုနှစ် ဧပြီ ၁၄ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်မည့် တည်နေရာများမှာ ဇောတိက(၇) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၃ မိနစ် ၅၀ ဒသမ ၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၅၁ဒသမ ၆၃ စက္ကန့်၊ ကာကောဏ္ဍ(၃) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၆မိနစ် ၃၇ဒသမ ၈၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၁ ဒသမ ၅၉ စက္ကန့်၊ M9C(165) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈မိနစ် ၂၁ ဒသမ ၂၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၀၇ ဒသမ ၁၈ စက္ကန့်၊ ဇောတိက(၈) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၀၁ ဒသမ ၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၃၇ ဒသမ ၇၈ စက္ကန့်များတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9တွင် ရေနံတွင်းတူးစက် Doo Sung ဖြင့် ရေနံတွင်းများ စမ်းသပ်တူးဖော်နေစဉ် ကာလအတွင်း လုံခြုံရေး၊ ဘေးအန္တရာယ်မရှိစေရေးနှင့် ရေနံတွင်းတူးစက်အား ထိခိုက်ပျက်စီးမှုမရှိစေရေး အတွက် ရေနံတွင်းတူးစက်မှ ၄ကီလိုမီတာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ် များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့်ငါးဖမ်းသင်္ဘောများ ဖြတ်သန်း သွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာ ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ပရိသတ်များ ၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ တက်ရောက် သက်ကြီးစာပေပညာရှင်များအားကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၅

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမဥ္စကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သက်ကြီးစာပေပညာရှင်များအားကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။**

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သဝဏ်လွှာကို မြန်မာနိုင်ငံ စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)က ဖတ်ကြားသည်။

ထို့နောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏ အမည်စာရင်းကို မြန်မာ နိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သန်)က ဖတ်ကြားသည်။

ဆက်လက်၍အလှူရှင်များ၏ စာရင်းကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရဲမှူးကြီး ခင်မောင်ထွန်း (အငြိမ်းစား) (ခင်မောင်ထွန်း-လမ်းမတော်)က ဖတ်ကြားသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယ ဥက္ကဋ္ဌ(၂) ဦးသန်းမောင် (သန်းမောင်)က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ကန်တော့ပန်ကြားလွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယမြို့တော်ဝန်နှင့် ပရိသတ်များက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ညီညာဖြိုဖြိုမြတ်မြတ်နိုးနိုး လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံသက်ကြီးစာပေပညာရှင်များ ဖြစ်ကြသည့် ဒေါ်အုန်းခင် (အင်းလျား-ကြည်ရွှင်)၊ ဒေါ်ကြန်(မကြန်)၊ ဒေါ်ရင်ရင်(စောမုံညင်း)၊ ဦးတင်မောင်(သိပ္ပံမှူးတင်)၊ ဦးမောင်ကလေး(သောကြာ)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးအောင်စိုး (အောင်စိုး)၊ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (မှူးသမိန်)၊ဦးသန်းဦး၊ ဦးလှကြိုင် (ပါရဂူ)၊ ဦးလှမြိုင်(ကိုဆောင်း)၊ ဦးစိန်ဝင်း(ဂါးဒီးယန်းဦးစိန်ဝင်း)၊ ဗိုလ်ကလေးတင့်အောင်၊ ဦးတင်စိုး(သာဂဒိုး)၊ ဦးလေးမြိုင်(လေးမြိုင်)၊ ဦးဗကလေး (ကာတွန်းဗကလေး)နှင့် ဦးသောင်းထွဋ်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေ ကျပ်သုံးသောင်းစီနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က လှူဒါန်းငွေကျပ် ကိုးသောင်းစီ စုစုပေါင်း အလှူငွေ ကျပ်တစ်သိန်းနှစ်သောင်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု ပေးအပ်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များက ကန်တော့ခံသက်ကြီး စာပေပညာရှင်များအား အလှူငွေကျပ် တစ်သိန်းနှစ်သောင်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား တစ်ဦးချင်း ဂါရဝပြု လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များကိုယ်စား ဦးသန်းဦးက ဩဝါဒစကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်ကန်တော့ခံ သက်ကြီး စာပေပညာရှင်များမှ အသက်(၈၀)နှင့်အထက် စုစုပေါင်း ၁၂၀ ရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များမှာ ၇၃ ဦး ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ တွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ ဂါရဝပြုစဉ်။ (သတင်းစဉ်)

# ၂၀၀၇ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၀၇ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ ဘော်လီဘောပြိုင်ကွင်းများ၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ပြိုင်ပွဲများကို ကျင်းပရာ၌ နံနက်ပိုင်းပွဲစဉ်များတွင် နေပြည်တော် ဘော်လီဘောပြိုင်ကွင်းအမှတ်(၃)၌ ကျင်းပသည့်ပြိုင်ပွဲတွင် (ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ နေပြည်တော် ဘော်လီဘောပြိုင်ကွင်း အမှတ်(၄)၌ ကျင်းပသည့်ပြိုင်ပွဲတွင် (ဂဂ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ထို့အတူ ညနေပိုင်းပွဲစဉ်များတွင် (ခခ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ (ဃဃ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးကြိုတင် ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်း အမှာစကားပြောကြားစဉ်။**

(၅၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၆-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -လိပ်ပြာစား**
- **၁:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၇။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၁။ အုံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၅၂)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း-၁၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့တွင် ဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# နျူကလီးယားပစ္စည်းများ လုံခြုံမှုရှိရေး ဆောင်ရွက်ချက်မှ အသုံးပြုပြီး ယူရေနီယံ ရုရှားသို့ပေးပို့

**ပရာဟာ ဒီဇင်ဘာ ၁၅**

ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားပစ္စည်းများ လုံခြုံမှုရှိရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ချက်သမ္မတနိုင်ငံက အသုံးပြုပြီး လောင်စာမှ ယူရေနီယံကီလို ၈၀ (၁၇၆ ဒသမ ၄ ပေါင်)ကို ရုရှားနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း အမေရိကန်သံရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

အသုံးပြုပြီး နျူကလီးယားလောင်စာ ထည့်ထားသည့် စည်၁၆ စည်ကို ချက်သုတေသနဌာနမှ ယူဆောင်ပြီး အထူးရထားတွဲများဖြင့် ဆလိုဗက်ကီးယားနှင့် ယူကရိန်းနိုင်ငံတို့ကို ဖြတ်သန်းကာ ရုရှားနိုင်ငံသို့ ဒီဇင်ဘာ ၈ ရက်က အန္တရာယ်ကင်းရှင်းစွာဖြင့် ပေးပို့ခဲ့ကြောင်း ပရာဟာရှိအမေရိကန်သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့ နျူကလီးယား လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ပြုလုပ်ထားသည့် ၂၀၀၅ ခုနှစ်သဘောတူညီချက်နှင့်အညီ အသုံးပြုပြီး လောင်စာများကို ရုရှားသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နျူကလီးယား အကြမ်းဖက်မှု မဖြစ်ပေါ်ရေးအတွက် ကမ္ဘာ့နိုင်ငံများစုပေါင်းလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာလုံခြုံရေးအတွက် နိုင်ငံများ ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ချက်သမ္မတနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရစ်ချက်ဂရာဘာက ပြောကြားသည်။

နျူကလီးယား လုံခြုံရေးပူးပေါင်းဆောင်ရွက်ကြရန် အမေရိကန်နှင့် ရုရှားသမ္မတတို့ ၂၀၀၅ ခုနှစ်တွင် သဘောတူညီခဲ့ကြောင်း ၎င်းကပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်တပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံရမှုဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်အရေးယူခံရ

**ကင့်မ်မင်ဒယ်လ်တန်း ဒီဇင်ဘာ ၁၅**

အီရတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ထိုးသတ်သည့် ပြစ်မှုအတွက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ဒီဇင်ဘာ ၁၃ရက်က အပြစ်ရှိကြောင်း စီရင်ချက်ချမှတ်ခံရသည်။

သို့သော် ၎င်းမှာ ပို၍အပြစ်ကြီးလေးသော ပြစ်ဒဏ်ဖြင့် စီရင်ခံရမည့်အဖြစ်မှ လွတ်မြောက်သွားသည်။ ကြိုတင်ကြံရွယ်ချက်ဖြင့် လူသတ်သည်ဟူသော ပြစ်မှုဖြင့် စီရင်ခံရခြင်းမှ လွတ်မြောက်သွားခြင်းပင် ဖြစ်သည်။

စစ်အကျဉ်းထောင်၌ ပြစ်ဒဏ်ရှစ်နှစ်ကျခံစေရန် စီရင်ခြင်းခံရသူမှာ အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် အင်ဒီယာနာပိုလစ်မှ မရိန်းတပ်ဖွဲ့တပ်ကြပ် ဒီလာခို ဗွီ၊ ဟုမ်းစ် ဖြစ်သည်။

အကယ်၍သာ ၎င်းသည် ကြိုတင်ကြံရွယ်ချက်ဖြင့် လူသတ်သည်ဟူသော ပြစ်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရပါက ဟုမ်းစ်သည် ထောင်တစ်သက် ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။ ၎င်းမှာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးအား သတ်မှုဖြင့် ပထမဦးဆုံး စီရင်ခံရသော မရိန်းတပ်ဖွဲ့ဝင်ပင်ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဒိုမီနီကန်တွင် ရေလွှမ်းမိုး ခုနစ်ဦးသေဆုံး

**ဆန်တိုဒိုမင်ဂို(ဒိုမီနီကန်သမ္မတနိုင်ငံ) ဒီဇင်ဘာ ၁၅**

ဒိုမီနီကန် သမ္မတ နိုင်ငံတွင် အိုလ်ဂါအမည်ရှိ အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းစွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံး၍ လူ ၃၀၀၀၀ ခန့် ရေဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရကြောင်း အစိုးရတာဝန်ရှိများကဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် ပွာတိုရီကိုနိုင်ငံတွင် လူတစ်ဦး သေဆုံးခဲ့သည်။

၎င်းမုန်တိုင်းသည် ဒီဇင်ဘာ၁၂ရက်တွင် အင်းအားလျော့နည်းကာ ဒိုမီနီကန်သမ္မတနိုင်ငံနှင့် ဟေတီကျွန်း ဟစ်ပါနီယိုလာဒေသမှ ကာရေဘီယန်ပင်လယ်ကို ဖြတ်၍ အနောက်ဘက်သို့ ရွေ့လျားသွားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အထက်တန်းကျောင်းသား ခြောက်ဦး လာ့စ်ဗီးဂတ်မြို့၌ သေနတ်ဖြင့်ပစ်ခတ်ခံရ

**လာ့စ်ဗီးဂတ် ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်မြို့တွင် ဒီဇင်ဘာ ၁၁ ရက်က ကျောင်းကားပေါ်မှ ဆင်းလာသော အထက်တန်းကျောင်းသား ခြောက်ဦးအား အခြားကားတစ်စီးပေါ်မှ လူနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသည့် ကျောင်းသားခြောက်ဦးအား ဆေးရုံသို့ တင်ပို့ခဲ့ပြီး အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ လာ့စ်ဗီးဂတ်မြို့ တက္ကသိုလ်ဆေးရုံ ပြောဆိုခွင့်ရှိသူက ဝေဖန်ပြောကြားခြင်း မရှိပေ။

ကိုလိုရာဒိုပြည်နယ် ခရစ်ယာန်သာသနာပြုသင်တန်းကျောင်း၌ ယခုသီတင်းပတ် အားလပ်ရက်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးခဲ့သည်။ အလားတူ ပြီးခဲ့သည့် သီတင်းပတ်က နီဘရာစကာပြည်နယ် အိုမာဟာမြို့ရှိ ကုန်ပဒေသာဆိုင်တွင် ပစ်ခတ်မှုကြောင့် ရှစ်ဦး သေဆုံးခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# မာဒါဂါစကာကမ်းခြေတွင် လင်းပိုင်သေများ တွေ့ရှိ

**အန်တင်နာနာရီဗို ဒီဇင်ဘာ ၁၅**

မာဒါဂါစကာကျွန်းစုရှိ ကျွန်းတစ်ကျွန်းတွင် လင်းပိုင် ၁၅ ကောင် သေဆုံးနေသည်ကို တွေ့ရကြောင်း တာဝန်ရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မာဒါဂါစကာမြောက်ပိုင်း အာချီပီလာဂိုကမ်းခြေ၌ ဒီဇင်ဘာ ၇ ရက်က နှစ်မီတာအရှည်ရှိ လင်းပိုင် ၁၅ ကောင် သေဆုံးနေသည်ကို ရေလုပ်သားသုံးဦးက တွေ့ရှိခဲ့သည်။

ဒေသဆိုင်ရာ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများနှင့် တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် လင်းပိုင်များသေဆုံးမှုကို စစ်ဆေးခဲ့ကြသည်။

လင်းပိုင်များသည် အယ်လ်ဂျေးရေမှော်များကို စားသုံးသည့် ငါးငယ်များကို စားသောက်ခြင်း သို့မဟုတ် ရေထုညစ်ညမ်းမှုကြောင့် အဆိပ်အတောက်ဖြစ်နိုင်သော ပစ္စည်းများကို စားသုံးမိခြင်းကြောင့် သေဆုံးရဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ပွာ။***

စင်ကာပူ လေကြောင်းလိုင်း၏ အဲဘတ်စ် အေ ၃၈၀ လေယာဉ်မှ ပထမတန်း ခရီးသည် အိပ်ခန်းတစ်ခန်းကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ကော့စတာရီကာတွင် လူကုန်ကူးသူများကို ဖမ်းဆီး

**ဆန်ဟိုဆေး ဒီဇင်ဘာ ၁၅**

ကော့စတာရီကာ အာဏာပိုင်များသည် လူကုန်ကူးသူများအဖြစ် သင်္ကာမကင်းဖြစ်ရသူ အမျိုးသမီးသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း၊ တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုအဖွဲ့ (အိုအိုင်ဂျေ)က အင်္ဂါနေ့တွင် ပြောကြားသည်။

အဖမ်းခံရသူ အားလုံးသည် ကော့စတာရီကာ နိုင်ငံသူများ ဖြစ်ကြပြီး အီကွေဒို၊ ဘိုလီးဗီးယားနှင့် ပီရူးနိုင်ငံသားများကို အမေရိကန်ပြည်ထောင်စုအတွင်းသို့ လူမှောင်ခို ပို့နေသည့် ဂိုဏ်းနှင့် အဆက်အသွယ်ရှိသူများ ဖြစ်ကြကြောင်း၊ ကော့စတာရီကာနိုင်ငံမှတစ်ဆင့် ရက်သတ္တတစ်ပတ်လျှင် လူ၃၀ ခန့်ကို လူမှောင်ခို ပို့ဆောင်နေကြောင်း အိုအိုင်ဂျေ ညွှန်ကြားရေးမှူး ဂျော့ရိုဂျာစ်ဗာဂက်စ်က ပြောကြားသည်။

အီကွေဒိုနှင့် ပီရူးနိုင်ငံမှ ခိုးဝင်မည့်သူများသည်ပနားမားနိုင်ငံသို့ မော်တော်ဘုတ်ဖြင့် သွားရောက်ပြီး ကော့စတာရီကာ နိုင်ငံအတွင်းသို့ ပါဆိုကာဒိုအာဒေသမှ ဝင်ရောက်ကြောင်း၊ ယင်းနောက်တွင် ဆန်ဟိုဆေးမြို့သို့ ပုဂ္ဂလိက မော်တော်ယာဉ်ဖြင့် သွားရောက်ကာ ပင်နပ်စ်ဘလန်ကာမှတစ်ဆင့် နီကာရာဂွာနိုင်ငံအတွင်း ဝင်ရောက်ပြီး အမေရိကန်နိုင်ငံအတွင်းသို့ ခိုးဝင်ကြောင်း ရိုဂျာစ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ပွာ။***

# မက္ကဆီကိုတွင် လေးရက်အတွင်း မူးယစ်ဆေး ၁၀ တန်ခန့်ဖမ်းမိ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၅**

မက္ကဆီကို ရဲတပ်ဖွဲ့က တစ်တန်ခန့်အလေးချိန်ရှိ ဆေးခြောက်များကို အရှေ့မြောက်ပိုင်းဒေသရှိ တမ်မောလီပတ်စ်ပြည်နယ်တွင် စနေနေ့က ဖမ်းဆီးခဲ့ကြောင်း မက္ကဆီကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

နောက်ထပ် သီးခြားနေရာနှစ်နေရာတွင် ရဲတပ်ဖွဲ့က ရှာဖွေခဲ့ရာ ၁၀ တန်ခန့် အလေးချိန်ရှိ ဆေးခြောက်များကို သိမ်းဆည်းရမိပြီး သင်္ကာမကင်းသူ လေးဦးတို့ကို လွှန်ခဲ့သည့်လေးရက်အတွင်းက ဖမ်းဆီးခဲ့သည်ဟု ကြေညာချက်အရ သိရှိရသည်။

**သိမ်းယူ**

မက္ကဆီကိုရဲတပ်ဖွဲ့က တမ်မော်လီပတ်စ်ရှိ အိမ်တစ်အိမ်သို့ ဝင်ရောက်ရှာဖွေ စီးနင်းခဲ့ရာ ၈၅၆ ဒသမ ၆ ကီလိုရှိ ဆေးခြောက်အထုပ် ၁၁၃ထုပ်နှင့် အမေရိကန် လိုင်စင်နံပါတ်ပြားတပ်ထားသည့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းယူခဲ့သည်။

ဒီဇင်ဘာအတွင်းက ရှာဖွေစီးနင်းလှုပ်ရှားမှု၌ ရဲတပ်ဖွဲ့က ဆေးခြောက် တန်ချိန် ၂၀၄၁ ကို တွေ့ရှိခဲ့ပြီး ကုန်သေတ္တာတင် မော်တော်ယာဉ်မောင်းတစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု မီဒီယာသတင်းအရ သိရှိရသည်။

***အမ်အင်အေ၊ဆင်ပွာ။***



နိုကီယာ လက်ကိုင်ဖုန်းသစ်တစ်လုံးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြသနေသည်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ရန်ကုန် စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ နဝမအကြိမ် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ၏ နဝမအကြိမ် တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲအတွက် အလှူငွေကောက်ခံပွဲကို ကန်တော်ကြီး Western Park Restaurant(3) ၌ ဒီဇင်ဘာ ၂၂ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် ၁၉၆၉ ခုနှစ် ဘွဲ့ရများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် တွေ့ဆုံပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဦးကြည်စိုး ဖုန်း- ၂၂၁၀၅၃၊ ၃၈၇၈၄၄၊ ဦးခင်မောင်ဝေ ဖုန်း- ၂၁၄၀၆၄၊ ဦးသန်းထွန်း ဖုန်း- ၃၇၁၅၄၄၊ ဗိုလ်မှူးခင်မောင်ဝင်း ဖုန်း- ၆၆၆၂၁၈၊ ၅၆၃၈၈၇၊ အင်းလေးစိုးမြင့် ဖုန်း- ၀၉-၅၀၀၀၇၈၉၊ ဦးလှတိုး ဖုန်း-၅၀၀၉၇၄၊ ဦးအေးဇော် ဖုန်း-၅၄၁၇၄၂၊ ဦးမြင့်သန်း ဖုန်း-၅၁၁၃၂၈၊ ဒေါ်ခင်မြသိန်း ဖုန်း-၆၅၁၂၉၆၊ ဦးခင်ဝင်း ဖုန်း-၆၆၄၄၇၇၊ ဒေါ်ခင်ရဲမြင့် ဖုန်း-၅၅၂၈၅၇၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၀၉-၅၁၈၁၀၇၈၊ ဦးမင်းထွန်းရှိန် ဖုန်း-၀၂-၅၇၄၈၇၊ ဦးဝင်းနိုင် ဖုန်း- ၀၅၇-၂၂၁၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

# ရန်ကင်း အထက ( ၁ ) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အထက(၁) ရန်ကင်းတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၆၂-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော သက်ပြည့် အငြိမ်းစားဆရာကြီးများအား (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပရန် စီစဉ်ထားရာမှ အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ၂၀၀၈ ခုနှစ် မတ် ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲ သို့ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး အထက(၁) ရန်ကင်း ဖုန်း- ၅၅၇၅၀၆၊ ဦးဇေယျကို ဖုန်း- ၀၉၅၁၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း- ၀၉၅၂၀၀၂၀၀၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉၅၀၀၂၆၁၂၊ ဦးအောင်ခိုင် ဖုန်း-၅၇၀၀၈၉၊ ဦးအောင်ချို ဖုန်း-၀၉၅၃၂၀၆၁၃၊ ဒေါ်ရူဝါ ဖုန်း-၀၉၅၁၇၂၆၁၃၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉၈၀၂၄၉၃၀၊ ဒေါ်ခင်စန္ဒာ ဖုန်း-၅၇၀၈၃၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# ဘဒ္ဒန္တသြဘာသ၏ တရားပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ အင်းစိန်မြို့သစ်(က/ခ) ရပ် ပေါက်တောကျောင်းမှ ဘဒ္ဒန္တသြဘာသ (ဓမ္မာစရိယ B.A မြန်မာ၊ M.A အိန္ဒိယ) အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ မြိတ်မြို့ လေးကျွန်းဆီမီး သိမ်တော်ကြီး ဓမ္မာရုံ၊ ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကလွင်ဓမ္မရိပ်သာ၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျွန်းစုမြို့နယ်တို့တွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

# မင်းကွန်းတောင်ရိုး (ရေ၊မီး၊ဆွမ်း၊ဆေး) ဆရာတော် ဓမ္မသာဘင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်နှင့် ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင် အလှူတော်စီမံကိန်းကြီး၏ ပဓာနဦးဆောင် ဆရာတော် ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက) ဗဟုဇနဟိတဓရေ ဓမ္မကထိက ဆရာတော်အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဟင်္သာတမြို့ ဦးပါရဲဘုရား၌လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကနောင်စုရပ် ရန်အောင်မြင်ဘုရား၌လည်းကောင်း၊ ၂၄ ရက်တွင် မယ်ဇလီကုန်းမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ ၂၅ ရက်တွင် အင်္ဂပူ မြို့နယ် ညောင်ကျိုးကျေးရွာ၌လည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

# ကွမ်တုန်ပြည်နယ်တွင် လူနှစ်သိန်းကျော် သောက်သုံးရေအခက်ကြုံ

## နိုင်ငံတကာသတင်းများ

**ကွမ်ကျိုး ဒီဇင်ဘာ ၁၅**

မိုးနည်းပါးသည့် ဆောင်းဦးရာသီရောက်ရန် အချိန်နီးကပ်လာချိန်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်၌ လူနှစ်သိန်းခွဲနီးပါးမှာ သောက်သုံးရေပြတ်လပ်မည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဒီဇင်ဘာ ၁၃ ရက်က ရရှိသော စာရင်းအရ ပြည်နယ်အတွင်းရှိ လူဦးရေ ၂၄၉၀၀၀ ခန့်နှင့် စိုက်ပျိုးမြေ ဟက်တာ ၇၃၃၀၀ မှာ ရေအခက်အခဲဒဏ်ကို ခံနေရကြောင်း ကွမ်တုန်ပြည်နယ် ဇလဗေဒဌာနက ပြောကြားသည်။ ထို့ပြင် ပြည်နယ်တွင်းရှိ အင်းအိုင်ပေါင်း ၁၃၃ ခုမှာလည်း ရေခန်းခြောက်လျက်ရှိသည်ဟု ဆိုသည်။

ယခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာစောစောပိုင်းကာလအထိ အချိန်အတွင်း မိုးရေချိန် ၁၄၅၃ မီလီမီတာသာ ရရှိခဲ့သည်။ ထိုပမာဏသည် ပုံမှန်အောက် မိုးရေချိန် ၂၀ ရာခိုင်နှုန်း လျော့နည်းရရှိခြင်းပင်ဖြစ်သည်။

တရုတ်တစ်နိုင်ငံလုံးတွင် ရရှိသော နိုဝင်ဘာလအတွက် ပျမ်းမျှမိုးရေချိန်သည် ပုံမှန်ထက်လျော့နည်းခဲ့သည်။ ရရှိသော မိုးရေချိန်သည် ၁၉၈၉ ခုနှစ်နောက်ပိုင်း အနည်းဆုံးပင်ဖြစ်သည်။ ထိုအခြေအနေကြောင့် အဓိကမြစ်ကြီးသုံးသွယ်ဖြစ်သည့် ယန်စီမြစ်၊ မြစ်ဝါမြစ်နှင့် ဇူကျန်မြစ်များ၌လည်း မြစ်ရေပမာဏသည် လျော့နည်းလာလျက်ရှိကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တွင် မိုးခေါင်မှုကြောင့် စိုက် ပျိုး မြေများ ခြောက်သွေ့ နေ သည်ကို တွေ့ရစဉ်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုလန်နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ပိုလန်မှ ကြက်ငှက်များတင်သွင်းမှု ယူအေအီးပိတ်ပင်

**အဘူဒါဘီ ဒီဇင်ဘာ ၁၅**

ပိုလန်နိုင်ငံအလယ်ပိုင်း မာဇိုဗီကီပြည်နယ်မှ ကြက်ငှက်များ ဝယ်ယူတင်သွင်းခြင်းကို အာရပ်စော်ဘွားများ ပြည်ထောင်စုက ဒီဇင်ဘာ ၁၃ ရက်တွင် ပိတ်ပင်လိုက်ကြောင်း ကြေညာသည်ဟု အမရိတ် သတင်းအေဂျင်စီက ဖော်ပြသည်။

ဖော်ပြပါ မာဇိုဗီကီပြည်နယ်ရှိ မွေးမြူရေး ကြက်ငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ သို့ဖြစ်၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုအရပ်မှ ကြက်ငှက်များကို အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ မသွင်းရန် ပိတ်ပင်ရခြင်း ဖြစ်ကြောင်း သဘာဝဝန်းကျင်နှင့်ရေအရင်း အမြစ်ဝန်ကြီးမိုဟာမက် ဆာအစ်ဒ် အယ်လ်ကင်ဒီက ပြောကြားသည်။

ကြက်ငှက်များကို တင်သွင်းခွင့် ပိတ်ပင်သည်ဆိုရာ၌ ကြက်ငှက်အရိုင်းများနှင့် မွေးမြူရေး ကြက်ငှက်များအပြင် အလှမွေးငှက်နှင့် ယင်းတို့၏ ထွက်ကုန်ပစ္စည်းများလည်း ပါဝင်သည်ဟု သတင်းက ဖော်ပြသည်။

ပိုလန်နိုင်ငံ မာဇိုဗီကီပြည်နယ် မွေးမြူရေးခြံရှိ ကြက်ဆင်နှစ်ကောင်တွင် $H_5N_1$ ပိုး တွေ့ရကြောင်း ပိုလန်တိရစ္ဆာန်ကျန်းမာရေးနှင့် ဆေးဝါးကုသရေးဌာနက ဒီဇင်ဘာ ၁ ရက်တွင် ကြေညာသည်။ ထို့နောက်ပိုင်း၌ ယင်းပြည်နယ်ရှိ ကြက်ငှက်များတွင် ယင်းရောဂါပိုး ကူးစက်နေသည်ကို တွေ့ရသည်ဟုဆိုသည်။ ၂၀၀၅ ခုနှစ်က ပိုလန်နိုင်ငံ၏ မွေးမြူရေးကြက်ငှက်များတွင် $H_5N_1$ ရောဂါပိုး မတွေ့ရဘဲ ငှက်ရိုင်းများ၌သာ တွေ့ခဲ့ရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အိန္ဒိယမြောက်ပိုင်းတွင် မိကျောင်း ၂၆ ကောင် အသည်းကြွပ်ရောဂါဖြင့် သေဆုံး

**လပ်ကနောင်(အိန္ဒိယ) ဒီဇင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသတွင် မျိုးတုံးမည့်အန္တရာယ်ရှိသည့် မိကျောင်း ၂၆ ကောင်မှာ လွန်ခဲ့သည့် သုံးရက်အတွင်း သေဆုံးနေသည်ကို တွေ့ရှိခဲ့ရာ ကျွမ်းကျင်သူများက ယင်းသို့ မိကျောင်းကောင်ရေ အများအပြား သေဆုံးခဲ့မှုသည် အသည်းနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုကြောင့်ဟု ကောက်ချက်ချကြောင်း အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ မိကျောင်းများသည် ချမ်ဘယ်မြစ်အတွင်းတွင် သေဆုံးနေခြင်းဖြစ်သည်။ ယင်းမြစ်သည် ဥတရာပရာဒေ့ရှ်ပြည်နယ် နယ်စပ်တစ်လျှောက်နှင့် မက်ယာပရာဒေ့ရှ်ပြည်နယ်တစ်လျှောက် စီးဆင်းနေသည့် မြစ်ဖြစ်သည်။ ယင်းနေရာများသည် မိကျောင်းများ သဘာဝအလျောက် ပေါက်ဖွားနေထိုင်ရာ ဒေသဖြစ်သည်။

ယင်းမိကျောင်းများသည် အသည်းကြွပ်ရောဂါကြောင့် သေဆုံးခြင်း ဖြစ်ကြောင်း ခွဲစိတ်စစ်ဆေးမှုအရ သိရသည်ဟု ရတ်ပရာဒေ့ရှ် တောရိုင်းတိရစ္ဆာန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ဆူမန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မြစ်ထဲမှ ငါးသတ္တဝါများသေဆုံးမှု မရှိခဲ့သဖြင့် မိကျောင်းများသေဆုံးမှုသည် အဆိပ်မိမှုကြောင့် မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချသည်။ ရေတွင် အသည်းပျက်စီးစေသည့် အဆိပ်ဓာတ်များ ပါဝင်မှုရှိ၊ မရှိကို စစ်ဆေးမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

အိန္ဒိယနိုင်ငံရှိ မိကျောင်းမျိုးများကို တွေ့ရစဉ်။

# ( ၂၄ )ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ကြေးတံဆိပ်နှစ်ခု ထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံ၌ ကျင်းပသော (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအားကစားအဖွဲ့သည် ယနေ့တွင် အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဥက္ကာစိုးနှင့် ဇော်လတ်၊ အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ခင်အေးမော်နှင့် ကြူကြူသင်းတို့က ကြေးတံဆိပ်တစ်ခုစီ ရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)**

| AM & PM | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "ပါရမီ"တရားတော် [ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်] |
| ၈း၀၀-၂း၀၀ | Soccer Update |
| ၈း၁၅-၂း၁၅ | Sunday Talk<br>[မျိုးမြတ်သူ၊ စောလင်းအောင် (flower news journal)' ကျော်စွာမင်း( yangon Times journal)] |
| ၉း၁၀-၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅-၃း၁၅ | ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ |
| ၉း၃၀-၃း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၀-၃း၄၀ | ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား |
| ၉း၅၀-၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅-၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀-၄း၀၀ | စေတနာအရင်းခံမြန်မာ့တစ်သျှူးဘဏ် |
| ၁၀း၂၅-၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀-၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅-၄း၃၅ | လုပခဲ့ထည်အလှဆင် ခေတ်မီတိုက်တာအသွင် |
| ၁၀း၅၅-၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅-၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀-၅း၁၀ | တောင်ပေါ်လက်ဖက်နတ်သစ်ရွက် |
| ၁၁း၂၅-၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀-၅း၃၀ | Euro Goals |
| ၁၂း၀၀-၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅-၆း၀၅ | မြန်ပြည်တွင်ဆီရေချိုးလို့ သည်ဆွေမျိုးတို့ ချမ်းမြစေဖို့ |
| ၁၂း၂၅-၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀-၆း၃၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Liverpool-Man Utd | ESPN(Live) |
| ၁၀း၂၅ | Arsenal-Chelsea | ESPN(Live) |

**Series A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Torino-Roma | 5-Cartoons(Live) |
| ၂း၀၀ | Cagliari-Inter Milan | 5-Cartoons(Live) |

# သဇင်နှင်းစို လစာဆို

**တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)**

နတ်တော်လသည် ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စကာလဖြစ်၍ နံနက်ခင်းတွင် ဆီးနှင်းများဖြင့် နေရာအနှံ့ မှိုင်းဝေရီမှောင်လျက်ရှိပြီး မိုးရာသီကုန်ဆုံးခဲ့သော်လည်း ကောင်းကင်တစ်ခိုဝယ် တိမ်တိုက်များ ဆင်ကာ မိုးသားများ မငြိမ်မသက်လှုပ်ရှားနေသည်ကို အကြောင်းပြု၍ **"နတ်တော်ရောက်ငြား မိုးသားမငြိမ်၊ ဆင်ရာတိမ်"**ဟု ရှေးမြန်မာတောင်သူလယ်သမားကြီးများက မိုးလက္ခဏာဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

နတ်တော်လကို ရာသီတစ်ဆယ့်နှစ်ပါးတွင် ဓနုရာသီဟုခေါ်ဆိုပြီး ဓနု၏အဓိပ္ပာယ်မှာ လေးဖြစ်၍ ရာသီရုပ်မှာ လေးကိုင်စွဲသော လူယောက်ျားပုံပင်ဖြစ်သည်။ နတ်တော်လ၏ ရာသီပန်းမှာ သဇင်ပန်းဖြစ်သည်။ သဇင်ဟူသည် မြေပေါ်တွင် ပေါက်သောပန်းမဟုတ်။ စိမ့်ကြီးမြိုင်ကြီးတောတောင်တွင် နေရောင်မခံ ပွင့်အားသန်သည့် ပန်းပျံပင်ဆင့်ဖြစ်သဖြင့် တော်ဝင်နန်းထိုက် ပန်းမကိုဋ်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သဇင်ပန်းမှာ တောတွင်း၌ ပေါက်ရောက်ပွင့်လန်းသော်လည်း အဖူးအငုံကလေးများ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရွှေနန်းတော်သို့ ရွှေသိုင်း၊ ရွှေကျိုင်းများဖြင့် ကြီးကျယ်သော ဝင်းခင်းကျင်းကာ ယူငင်၍ ဘုရင်မင်းမြတ်ထံသို့ ဆက်သကြရသည်ကို အကြောင်းပြု၍ ရှင်ဥတ္တမကျော်၏ တောလားတွင် **"ရွှေသိုင်းဝင့်ချီ၊ ပိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဇေယုက သမ္မုတိမှန်၊ ကေသာနံ့သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း ဥကင်မြင့်ဘောင်၊ ရနံ့လှောင်ခဲ့"**ဟု လည်းကောင်း၊ သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့ ပန်ဆင်အသုံးပြုပြီးမှ အများပြည်သူတို့ ဆွတ်ယူပန်ဆင်ကြရသည်ကို အကြောင်းပြု၍ ဦးယာ၏ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင် **"စုံမြိုင်ရင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုန်းဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်၍၊ နှင်းသောက်ရွှင်ရွှင်၊ ဖူးတံဆင်သည်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဝင့်သို့၊ လှတင့်စိမ်းတွေး၊ နတ်ပန်းမွှေးကို၊ မနှေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့၊ ဖူးငုံပေါ်စ၊ တင်ဆက်သသည်၊ နောက်မှ ပြည်သူ၊ သုံးယူပန်ဆင်"**ဟုလည်းကောင်း အသီးသီး ရေးစပ်ဖွဲ့ဆိုခဲ့ကြပါသည်။

ဤနတ်တော်မာသ အခါသမယတွင် ရှေးယခင် မြန်မာဘုရင်များသည် နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများ ကျင်းပလေ့ရှိသည့်အပြင် ပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများကို အခမ်းအနားဖြင့် ချီးမြှင့်လေ့ ရှိခဲ့ကြသည်။ ဤသည်ကို အကြောင်းပြု၍ ဒုတိယအင်းဝခေတ် စာဆိုတော် ဦးအောင်ကြီးက အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားတွင် **"သာစွလေ။ ။ မှိုင်းဝေပြရီ၊ မိဂသီနှင့် အညီပြည့်လ၊ ရံဝန်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီ၊ အညီမွှမ်းဖြင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်၊ တိမ်ညင်တွဲအောက်၊ သွင်းရောက်ပြွမ်းပြွမ်း ကျုံးလုံးမွမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်ပါးရွှင်သည်၊ မြေပြင်ထိန့်ရှိက်၊ မွှန်းတည့်လေ"**ဟူ၍ ရေးသားစပ်ဆိုခဲ့သည်။

မြန်မာ့ရိုးရာ တစ်ဆယ့်နှစ်လအနက် နတ်တော်လနှင့် စပ်ဆိုင်သော ပွဲတော်များမှာ ရှေးခေတ်က နတ်ပွဲဖြစ်ပြီး ယခုခေတ်တွင် စာဆိုတော်ဂုဏ်ပြုပွဲများ ဖြစ်ပါသည်။ နတ်တော်လရာသီတွင် စာဆိုပညာရှိကြီးများအား ချီးမြှင့်ပူဇော်သော စာဆိုတော်ပွဲနေ့ကို ကျင်းပကြသည်။ စာဆိုတော်နေ့ကို နှစ်စဉ်ကျင်းပလျက် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း၊ သက်ကြီးစာပေပညာရှင်များအား ပူဇော်ခြင်းစသည်တို့ကို နိုင်ငံနှင့်အဝန်း ပြုလုပ်ကြသည်။ ၁၃၀၆ခုနှစ် နတ်တော်လဆန်း ၁ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပါသည်။ ယခုအခါ စာဆိုတော်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း စာပေဗိမာန်မှ ကြီးမှူး၍ စာပေဗိမာန်စာမူဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့သည့်ပြင် ယခုအခါ နိုင်ငံတော်မှ အမျိုးသားစာပေဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိသည်မှာ ကောင်းမွန်သော အစဉ်အလာတစ်ရပ် ဖြစ်ပါသည်။

**စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာဖြစ်သည့်ပြင် ယဉ်ကျေးမှု အနုပညာ၏ အသက်သွေးခဲလည်း ဖြစ်ပေသည်။ စာပေသည် အသိ၊အလိမ္မာ၊ ဉာဏ်ပညာ ထွန်းကားရေးအတွက် မီးရှူးတန်ဆောင်လည်း ဖြစ်သည်။ ရှေးရှေးသော ကျမ်းပြုအကျော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်ကြီးများအနေဖြင့် မီးရှူးတန်ဆောင်ဖြစ်သော စာပေများကို ရေးသားလမ်းညွှန်ခဲ့ကြသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များ ခေတ်အဆက်ဆက် ထွန်းကားပြန့်ပွားခဲ့ပေသည်။**

ရှေးခေတ်စာဆို ပညာရှင်များအနေဖြင့် ရှေးယခင်က မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွရေး၊ လွတ်လပ်ရေးရရှိရေး၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ မြန်မာဟူ၍ အားမာန်တက်စေရေး အတွက် စာပေဖြင့် အင်အားမွေးပေးခဲ့ကြပေသည်။ စာပေဟူသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဟု ခေါ်ဆိုနိုင်သကဲ့သို့ တိုင်းပြည်၏ဂုဏ်လည်းဖြစ်သည့်အတွက် မိမိတိုင်းပြည်၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုဘဝ ကြွယ်ဝစေရန်အတွက် လည်းကောင်း၊ မျိုးရိုးဇာတိဂုဏ်ကို ဖော်ထုတ်စုဆောင်းတင်ပြရန်အတွက် လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် လူငယ်များ၏အင်အား ပါဝင်စေရန် အတွက်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လည်းကောင်း စာပေဖြင့်မြှင့်တင်ရန် လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ ယခုအခါ ယနေ့စာဆိုရှင်များ၊ စာပေလောကသားများက နိုင်ငံတော်အစိုးရ၏ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည့် လမ်း၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်၊ မြစ်ရေတင်စီမံကိန်းများ၊ စက်မှုဇုန်များ၊ လေယာဉ်ကွင်းသစ်ကြီးများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများ၊ ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်း စခန်းများနှင့် စာပေဆိုင်ရာလုပ်ငန်းများဖြစ်သော စာမတတ်သူပပျောက်ရေးစီမံချက်များ၊ နိုင်ငံလုံးကျွတ် စာဖတ်ရှုရေး၊ စာကြည့်တိုက်စီမံကိန်းများ တစ်မိုင်ခွဲပတ်လည်အတွင်း စာသင်ကျောင်းတစ်ကျောင်းနှုန်း တည်ဆောက်ပေးရေးလုပ်ငန်းများစသည့် အောင်မြင်မှုသာဓကတို့ကို သုတ၊ ရသပညာများဖြင့် ပြည်သူတစ်ရပ်လုံးသို့ တင်ပြပေးရန် လိုအပ်ပါကြောင်း သဇင်သင်းပြီး နှင်းတွေဝေသည့် နတ်တော်လတွင် ကျင်းပသည့် **"သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲကို"** ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

**စာပေဟူသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဟု ခေါ်ဆိုနိုင်သကဲ့သို့ တိုင်းပြည်၏ ဂုဏ်လည်း ဖြစ်သည့်အတွက် မိမိတိုင်းပြည်၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုဘဝ ကြွယ်ဝစေရန်အတွက် လည်းကောင်း၊ မျိုးရိုးဇာတိဂုဏ်ကို ဖော်ထုတ်စုဆောင်း တင်ပြရန်အတွက်လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် လူငယ်များ၏ အင်အား ပါဝင်စေရန်အတွက်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် လည်းကောင်း စာပေဖြင့် မြှင့်တင်ရန် လိုအပ်ပေ။**

## နှစ်ကျိုပ်ရှစ်ဆူ ပူဇော်ပွဲနှင့် အထူးဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် (၁၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် အထူးဓမ္မပူဇာသဘင်ကို (၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်မှ ၁၄ ရက်အထိ) ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ (ဈ)ရပ်ကွက် သဒ္ဓမ္မဟိတကာရီ ဓမ္မာရုံကြီးတွင် ညစဉ် ၇ နာရီ၌ ကျင်းပမည် ဖြစ်သည်။

ဒီဇင်ဘာ ၂၁ ရက် (သောကြာနေ့)တွင် နိုင်ငံတော် ဘွဲ့(၉)ဘွဲ့ရအရှင်ပညိန္ဒာလင်္ကာရ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဒီဇင်ဘာ ၂၂ ရက် (စနေနေ့)တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် အရှင်သုန္ဒရ၊ ဒီဇင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒကတို့က တရားတော်များ ဟောကြားကြမည် ဖြစ်သည်။ (က–ပ)



နိုဝင်ဘာ ၂၂ ရက်က ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးလှသန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော်နှင့် စာချ၊ စာသင် သံဃာအပါး ၈၀ တို့ကို ကထိန်လျာသင်္ကန်းနှင့် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ဝတ္ထုပစ္စည်းပဒေသာပင် ၁၀ ပင်ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ဈေး ပါရွှေ–ခိုင်ရွှေ ဦးပါအားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနေ ဒေါ်တင်ရွှေမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းနေ နှစ်ဖက်သော မိဘများဖြစ်ကြသည့် ဦးဗိုကျော်–ဒေါ်နွယ်နွယ်အေးမိသားစု၊ ဦးအောင်မြင့်၊ ဒေါ်စိန်စိန်မြင့် မိသားစုတို့အား အမှူးထား၍ ကိုဇေယျအောင်ကျော်(ခ) မောင်မောင်ကြီး–မသန္တာခိုင်၊ သမီး ဆုသံသာအောင်ကျော် မိသားစုက ငွေကျပ် ၂၀၀၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## ပုတီးကုန်းမြို့နယ်သားများ ပညာရည်ချွန်ဆုပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပုတီးကုန်းမြို့မှ အဝေးရောက်နယ်သူ၊ နယ်သားများ၏ မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ (ရွှေတိဂုံဘုရားအနီး)၌ ကျင်းပမည်ဖြစ်ပါ၍ ပုတီးကုန်းသား မိသားစုတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် ပါရဂူဘွဲ့ တက်ရောက်သင်ကြားနေသူများအား ဆုချီးမြှင့်မည်ဖြစ်ပါ၍ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၏ စာရင်းကို ဆရာကြီး ဦးသန်းလွင် ဖုန်း–၃၇၇၇၄၀၊ ဦးချစ်ရင် ဖုန်း–၂၉၄၃၅၃ လိုင်းခွဲ(၂၀၁၃) နှင့် ဒေါ်မြသွင် ဖုန်း–၂၅၄၇၅၁ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြရမည် ဖြစ်သည်။ (က–ပ)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သဇင် ဗိုလ်ချုပ်လမ်းနေ ဦးသန့်ဇင်–ဒေါ်ဌေးဌေးမိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးမောင်လှိုင်တို့ လက်ခံယူစဉ်။** (ကြေးမုံ)

# သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး အလှူရှင်များ၏လှူဒါန်းငွေများကို လက်ခံ

ရန်ကုန် ဒီဇင်ဘာ ၁၅

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲ တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ဗဟိုပုံနှိပ်စက်ရုံ)အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး အလှူရှင်များ၏လှူဒါန်းငွေများကိုလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၆သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်ငါးသောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သိန်း၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများက ငွေ ၈၃၃၅၇၀၂ကျပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ရှိုင်းဟုတ်ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်ခင်ရီက ငွေကျပ် ၈၄၀၀၀၀၊ အလင်္ကာဝတ်ရည်စာပေနှင့် အနုပညာလုပ်ငန်းမိသားစုမှ ဦးမောင်မောင်အေးက ငွေကျပ် ခြောက်သိန်း၊ ဒေါက်တာတင်ထွန်းဦး – ဒေါက်တာခင်မိုးမိုးနှင့် ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးကျော်ညွန့်ရည်–ဒေါ်ဝါဝါကျော်၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း)–ဒေါ်ခင်အေးမူ၊ လက်ခွဏာဆရာကြီး ဦးစံတင်အောင်(ရွှေဘို)၊ ဖြူစင်မေတ္တာဆေးတိုက်မှ သမားတော်ကြီး ဦးကျော်စိန်–ဒေါ်နန်းခမ်းဇာ၊ အောင်ဗေဒမင်းကုမ္ပဏီမှ သမားတော်ကြီး ဦးအောင်ဗေဒမင်း၊ ဦးအောင်ဇော်မြင့်–ဒေါက်တာမြတ်မြတ်အုန်းခင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာမ ရွှေဘိုမိမိကြီး၊ ဦးထင်ဖတ်(မောင်ထင်)–ဒေါ်သောင်းသောင်းတို့အားရည်စူး၍ သားသမီးများ၊ စာရေးဆရာ ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)၊ ဦးတင်စိုး(သာဂဒိုး) မိသားစု၊ ဗိုလ်မှူးသက်ထွန်း(ငြိမ်း)–ဒေါ်သီသီနွယ်နှင့် သီရိသုဓမ္မဓဏိ ဓောတရေ ဦးစိုးသိန်း– ရွှေနေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး သီရိသုဓမ္မသီဂိ ဒေါ်ခင်ချိုချိုအုန်းတို့ အပါအဝင် အလှူရှင် ၈၈ ဦးတို့က စုစုပေါင်းငွေ ၁၇၈၄၉၂၈၂ကျပ်တို့ကိုလည်းကောင်း၊ အလှူရှင် ၁၆ဦးတို့က ငွေကျပ် သိန်း ၂၀ခန့်တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)ဦးတင်ခ(တက္ကသိုလ်တင်ခ)ကကျေးဇူးတင်စကားပြောကြားကာအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများနှင့် အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၁၃၆၉ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ၃၆ သိန်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

## သာသနဝုမိုကာရီသိမ်တော် ဆောက်လုပ်လှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာအတွင်း၌ သာသနဝုမိုကာရီသိမ်တော်ကို အသစ်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ သာသနာကြုံတုန်း အင်မတန်ရခဲသော သိမ်ဒါယကာ၊ ဒါယိကာမများဖြစ်ရအောင် တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆(၁၈၁)၊ ၀၉၅၀၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

# အကြောင်းအရာစုံ၊ လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကားတစ်ထောင်နီးပါးကို တစ်နေရာတည်း၌ ရှုစားရမည့်ပြပွဲကြီး

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ထွန်းဖောင်ဒေးရှင်းက ကမကထပြု၍ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီသည့် Best Painting of the Year 2007 အနုပညာပြပွဲ၊ ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံတွင် ဒီဇင်ဘာ၁၅ရက်မှ ၁၈ရက်အထိ ခင်းကျင်းပြလျက်ရှိသည်။

အဆိုပါပြပွဲပြိုင်ပွဲနှင့်စပ်လျဉ်း၍ မြန်မာ့ပန်းချီအနုပညာလက်ရာများကို ပြည်သူများခံစားသိရှိနိုင်ပြီး နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားလာစေရန်၊ ပန်းချီလက်ရာမွန်များပေါ်ထွက်လာစေရန်၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်ပန်းချီပညာရှင်များ ဖော်ထုတ်ရန်၊ မြန်မာ့ရေမြေ တောတောင်အလှနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပန်းချီအနုပညာဖြင့် မှတ်တမ်းတင်ရန်၊ ပန်းချီအနုပညာဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ဒြပ်ကို ပိုမိုထွန်းပြောင်လာစေရန်၊ ခေတ်ပြိုင်ပန်းချီအနုပညာတိုးတက်ဖွံ့ဖြိုးလာစေရန် ဟူသော ရည်ရွယ်ချက်များထားရှိကြောင်းနှင့် ပြပွဲပြိုင်ပွဲကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောကြားသည်။

Best Painting of the Year 2007 အနုပညာပြပွဲ အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပန်းချီအနုပညာရှင်များထံမှ ပြိုင်ပွဲဝင်ပန်းချီကားများကို ဖိတ်ခေါ်ခဲ့ရာ မူလခန့်မှန်းထားသည်ထက် အဆများစွာပိုမို၍ ပြိုင်ပွဲဝင်ပန်းချီကားများ ရောက်ရှိလာခဲ့ကြောင်း၊ ပန်းချီပညာရှင်၅၇၈ဦး၏ ပြိုင်ပွဲဝင်ပန်းချီကားအရေအတွက် ၉၉၀တို့ကို စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့မှ ပန်းချီပညာရှင်သုံးဦးနှင့် မြန်မာပန်းချီပညာရှင်ကြီးလေးဦးတို့က စုပေါင်းအကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုရပန်းချီကားများကို ဆုများထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ရာ ပထမဆု ငွေကျပ်သိန်း၃၀၊ ဒုတိယဆု ငွေကျပ်၂၅သိန်း၊ တတိယဆု ငွေကျပ်သိန်း၂၀၊ စတုတ္ထဆု ငွေကျပ်၁၅သိန်း၊ အထူးဆုခြောက်ဆုကို တစ်ဆုလျှင် ငွေကျပ်၁၀သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပန်းချီကားအားလုံးအနေဖြင့် Best Painting of the Year 2007 အနုပညာပြပွဲတွင် ချိတ်ဆွဲပြသထားမည်ဖြစ်သည့်အပြင် အာဆီယံနှင့် ပြည်တွင်းပြည်ပမှ အနုပညာမြတ်နိုးသော ပုဂ္ဂိုလ်များကို ဖိတ်ကြားပြသရောင်းချသွားမည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပန်းချီအနုပညာရှင်များ၏ လက်ရာစုံ၊ ရေးနည်းစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ကြည့်ရှုခံစားနိုင်မည့် ကြုံတောင့်ကြုံခဲ အနုပညာပြပွဲကြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ တာဝန်ရှိပန်းချီပညာရှင်တစ်ဦးက အဆိုပါပန်းချီအနုပညာပြပွဲပြိုင်ပွဲကြီးနှင့်စပ်လျဉ်း၍ သုံးသပ်ပြောကြားသွားသည်။ (ကြေးမုံ)

**ပြိုင်ပွဲဝင် ပန်းချီကားအချို့**

**မြန်မာ့ရေမြေ အလှသဘာဝနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များကို မှတ်တမ်းတင်ထားသည့် ပြိုင်ပွဲဝင် ပန်းချီကားအချို့ကို တွေ့ရစဉ်။**

**သတင်း–အောင်နိုင်ဦး(ကြေးမုံ)**
**ဓာတ်ပုံ–တင်ဝင်းလေး(ကြည့်မြင်တိုင်)**

☆ ရှေ့ဖုံးမှ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပွဲကောက်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် တည်နေရာအနေအထား၊ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၌ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စတင်အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြားရေအရင်းအမြစ်များ တည်ရှိမှုအခြေအနေ၊ ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆင်လမ်းရေလှောင်တမံ၊ ဒိုးကွင်ရေလှောင်တမံ၊ စည်သာရေလှောင်တမံ စသည့် ရေလှောင်တမံများမှာ တည်ဆောက်ပြီးဖြစ်သည့် ရေလှောင်တမံများဖြစ်ပါကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ ဓာတ်တော်ချောင်းရေလှောင်တမံ တည်ဆောက်နိုင်ရေးအတွက်လည်း ဆက်စပ်လေ့လာ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့ ရေပေးရေးလုပ်ငန်း၊ ရတနာပုံမြို့သစ်ရေပေးရေးလုပ်ငန်းနှင့် မန္တလေးမြို့ ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေတို့က မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့ ရေပေးရေးလုပ်ငန်း အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွဲကောက်ရေလှောင်တမံစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံကို ခြောက်ပေထပ်မံမြှင့်တင်ခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း၊ ရတနာပုံမြို့သစ် ရေရရှိရေးအတွက် ပြင်စာရေလှောင်တမံကို အကောင်အထည်ဖော်ရန်လည်းကောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံနှင့် ဓာတ်တော်ချောင်းရေလှောင်တမံတို့ကို ဆက်စပ်တည်

ဆောက်၍ မန္တလေးမြို့တော် ရေပေးဝေနိုင်မည့်စီမံကိန်းကို လေ့လာတိုင်းတာ အကောင်အထည်ဖော်သွားရန်လည်းကောင်း တာဝန်ပေးမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုတည်ဆောက်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်း၊ ပြင်စာရေလှောင်တမံစီမံကိန်းနှင့် တည်ဆောက်ပြီးဖြစ်သည့် စည်သာ၊ ဆင်လမ်း၊ ဒိုးကွင်ရေလှောင်တမံများသည် ပြင်ဦးလွင်မြို့နှင့် နောင်ဖြစ်ပေါ်စည်ကားလာမည့် ရတနာပုံမြို့သစ်တို့အတွက်လည်းကောင်း၊ သင်တန်းကျောင်းများအတွက်လည်းကောင်း သောက်သုံးရေ၊ စိုက်ပျိုးရေများ အပြည့်အဝရရှိမည်ဖြစ်သည်။

ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းနှင့် ဓာတ်တော်ချောင်း ရေလှောင်တမံစီမံကိန်းတို့မှာ မန္တလေးမြို့တော် ရေပေးဝေရေးအတွက် အထောက်အကူပြုသွားမည့် စီမံကိန်းများဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေလှောင်တမံစီမံကိန်းမှ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ တမံအတွင်း ရေသိုလှောင်ထားနိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆင်လမ်း(၂)၊ ပြင်စာ၊ တွင်းငယ်နှင့် ဓာတ်တော်ချောင်းတို့မှာ လေ့လာတိုင်းတာနေဆဲ ရေလှောင်တမံစီမံကိန်းများဖြစ်ပါကြောင်း၊ ပွဲကောက်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

တည်ဆောက်ပြီးစီးသည့် ဆင်လမ်းရေလှောင်တမံသည် ပြင်ဦးလွင်မြို့ကို ရေပေးဝေနိုင်သည့် ရေလှောင်တမံဖြစ်ပါကြောင်း၊ လက်ရှိအနေအထားထက် တစ်နေ့ ရေဂါလန်တစ်သန်း ထပ်မံတိုးချဲ့ပေးနိုင်အား ရှိသေးပါကြောင်း၊ လက်ရှိတမံအမြင့်ကို ခြောက်ပေ ထပ်မံမြှင့်တင်တည်ဆောက်ပါက ရေပိုမိုသိုလှောင်နိုင်ပြီး ပြင်ဦးလွင်မြို့သို့ ရေဂါလန် ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ဆင်လမ်းရေလှောင်တမံအောက်ဘက်၌ ဆင်လမ်း(၂) ရေလှောင်တမံကို ထပ်မံတည်ဆောက်ပါက ပြင်ဦးလွင်ဒေသအတွက်သာမက မန္တလေးမြို့အထိ ရေပေးဝေနိုင်မည့်အခြေအနေရှိပါကြောင်း၊ အသေးစိတ်လေ့လာတိုင်းတာမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံမှ ဓာတ်တော်ချောင်းရေလှောင်တမံသို့ ရေလွှတ်ပေးပြီး ထိုမှတစ်ဆင့် မန္တလေးမြို့တော် ရေပေးဝေရေးလုပ်ငန်းကို တိုးချဲ့အထောက်အကူပြုနိုင်မည့် အခြေအနေကောင်းများ တည်ရှိပါကြောင်း။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာ၌ ဆင်လမ်းရေလှောင်တမံမှာ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာမြောက်ဘက် ဆင်လမ်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ရေလှောင်တမံဖြစ်ပါကြောင်း။

မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားမှာ ၆၆၅ပေ၊ အမြင့်မှာ ၈၂ပေရှိပါကြောင်း၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧက ပေ ၅၆၀၀ ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့သို့ ရေပေးဝေလျက်ရှိသည့် တမံဖြစ်ပါကြောင်း။

ယခုအခါ ပြင်ဦးလွင်မြို့ကိုသာမက ရတနာပုံမြို့သစ်သို့ပါ ရေပေးဝေနိုင်ရေးအတွက် တည်ဆောက်ပြီး ရေလှောင်တမံကို ခြောက်ပေမြှင့်၍ ရေပိုမိုသိုလှောင်နိုင်ရန်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တမံအမြင့်ကို ခြောက်ပေထပ်မံမြှင့်နေသော လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်များ ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။**
(သတင်းစဉ်)

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရော
ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယ
ဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီ
ဆရာဝန်များနှင့် သူနာပြုဆရာမများက

ယင်းနောက် ဆေးရုံအဆော
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအ
ရှင်းလင်းတင်ပြရာ၌ ပြင်ဦးလွင်မြို့ ခုတ
ဗိုလ်ချုပ်မှူးကြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာလ
ဆံ့ဆေးရုံအဖြစ် တိုးမြှင့်၍ နှလုံးရောဂါက
ထိခိုက်မှုနှင့်ဦးနှောက်အာရုံကြော ခွဲစိ
လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ လမ်းညွှ
တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့
ခန်း၊ ခွဲစိတ်ခန်းအသစ်များကိုလည်း ဆော
အသစ်များတပ်ဆင်၍ စတင်အသုံးပြုနေ

ထို့အပြင် ဆေးရုံကြီးကို ခုတင် ၂
ဆေးရုံကြီးအဆင့်သို့ လိုအပ်ချက်အရ တိုးမြှ
ခဲ့ပါကြောင်း။

ပြင်ဦးလွင်မြို့သည် တောင်ပေါ်
ပြည်သူများ အေးချမ်းစွာ အနားယူဆေ
Medical Resort Centre သဘောမျိ
ဆောက်လုပ်လျက်ရှိပါကြောင်း၊ ယခုအ
ဆေးရုံကြီး၌ အထူးကုဘာသာရပ်၂၁မျိုးအ
ကြောင်းဖြင့် တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ
ပစ္စည်းများ၊ ဆေးဝါးများနှင့် ပညာရှင်များ
ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆေးကုသမှ
ဆေးရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာပ
ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အထူးကုသဆောင်နှင့် လူနာများတက်
စစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံတိုးချဲ့ဆောင်
ဆောင်နှင့် ဓာတ်မှန်ပစ္စည်းများ တပ်ဆင
ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်းတို
ကြသည်။

**ယခုတည်ဆောက်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်း၊ ပြင်စာရေလှောင်တမံစီမံကိန်းနှင့် တည်ဆောက်ပြီးဖြစ်သည့် စည်သာ၊ ဆင်လမ်း၊ ဒိုးကွင်ရေလှောင်တမံများသည် ပြင်ဦးလွင်မြို့နှင့် နောင်ဖြစ်ပေါ်စည်ကားလာမည့် ရတနာပုံမြို့သစ်တို့အတွက်လည်းကောင်း၊ သင်တန်းကျောင်းများအတွက်လည်းကောင်း သောက်သုံးရေ၊ စိုက်ပျိုးရေများ အပြည့်အဝရရှိမည်ဖြစ်သည်။**

# သန်လျင်မင်းကျောင်းစာသင်တိုက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မင်းကျောင်းနွယ်ဖွား ရဟန်းရှင်လူ တပည့်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က–ပ)



ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဆေးရုံအဆောက်အအုံသစ် ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ ပြင်ဦးလွင်မြို့ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ဗိုလ်ချုပ်မှူးကြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိစဉ်က ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်၍ နှလုံးရောဂါကုဌာန၊ ကျောက်ကပ်ရောဂါကုဌာန၊ ထိခိုက်မှုနှင့်ဦးနှောက်အာရုံကြော ခွဲစိတ်ကုဌာနများ တိုးချဲ့ထားရှိရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆေးရုံ အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းအသစ်များကိုလည်း ဆောက်လုပ်ခဲ့ပြီး ယခုအခါ စက်ပစ္စည်းအသစ်များတပ်ဆင်၍ စတင်အသုံးပြုနေပြီဖြစ်ပါကြောင်း။

ထို့အပြင် ဆေးရုံကြီးကို ခုတင် ၂၀၀ ဆံ့အဆင့်မှ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးအဆင့်သို့ လိုအပ်ချက်အရ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြင်ဦးလွင်မြို့သည် တောင်ပေါ် အပန်းဖြေစခန်းဖြစ်သည်နှင့်အညီ ပြည်သူများ အေးချမ်းစွာ အနားယူဆေးကုသမှုခံယူနိုင်ရေးအတွက်လည်း Medical Resort Centre သဘောမျိုးဖြင့် ခေတ်မီလူနာဆောင်များကို ဆောက်လုပ်လျက်ရှိပါကြောင်း၊ ယခုအခါ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီး၌ အထူးကုဘာသာရပ် ၂၁မျိုးအထိ ကုသစောင့်ရှောက်ပေးလျက်ရှိပါကြောင်းဖြင့် တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် ပညာရှင်များ ပြည့်စုံအောင် ဖြည့်ဆည်းထားရှိပြီး ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ကြရန်နှင့် ဆေးရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးကိုလည်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နှလုံးရောဂါအထူးကုသဆောင်နှင့် လူနာများတက်ရောက်ကုသနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံတိုးချဲ့ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ဓာတ်မှန်ဆောင်နှင့် ဓာတ်မှန်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် ရောဂါရှာဖွေရေးဌာန၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပွဲကောက်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၆–၁၂–၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ တံတားအလှ ပန်းလောင်
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းငွေ့သင့်ကောင်းကင်" (နေထက်လင်း၊ သူထူးစံ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–မောင်နန္ဒ)**
၂:၀၀ ၆။ သတင်းအချက်အလက်နှင့် နည်းပညာနယ်လှည့် ဟောပြောပွဲ (IT CARAVAN 2007) (အပိုင်း–၂)
၂:၁၅ ၇။ အကပြိုင်ပွဲ
၂:၂၅ ၈။ "သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၂) (ဝါးခယ်မ ရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ သောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)
၂:၃၅ ၉။ ရေလှောင်တမံ ရဲနွယ်
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ–တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ **"ညှော်မယ်ဗျို့" (ခန့်စည်သူ၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)**
၆:၄၅ ၁၁။ လူမျိုးစုံလင် သစ်ခွဥယျာဉ် ပျော်ရွှင်စွာ နွဲပျော် အမျိုးသား ကန်တော်ကြီး ဥယျာဉ် ပန်းပွဲတော်
၆:၅၅ ၁၂။ ဆွေးနွေးအကြံပေး (၉)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေး
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း–၁၆)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း–၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

**✱ ကျောဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ် ခေတ္တဒုတိယကျောင်းအုပ်ကြီး၊ စာပေညွှန်ကြားရေးမှူးနှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၁)နှစ်မြောက်နှစ်ပတ်လည်နေ့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်၊ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်နှင့် အဆင့်မြင့် သစ်ခွဥယျာဉ်တို့တွင် အပန်းဖြေ လာရောက် ကြည့်ရှုလေ့လာသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။** (သစ်တော)

**❁ ပြင်ဦးလွင်မှ**

ခြယ်သထားသည့် ပန်းရောင်စုံငှက်ရုပ်ကြီးများနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေပန်းအလှအပများအနီးတွင် ဓာတ်ပုံအလှရိုက်သူများ၊ အပန်းဖြေသူများဖြင့် စည်ကားလှသည်။

ထို့အပြင် ဒုတိယအကြိမ်မြောက် ပန်းပွဲတော်တွင်လည်း ပြည်တွင်းပန်းမျိုးစုံ၊ နိုင်ငံခြားပန်းမျိုးစုံတို့ဖြင့် နန်းမြင့်မျှော်စင်နှင့် ဟင်္သာပုံ စသည့် ရှုချင်စဖွယ်ဒီဇိုင်းပုံစံများ ပုံဖော်၍လည်းကောင်း၊ ပန်းအိုးကြီးများဖြင့် ပုံဖော်ခင်းကျင်း၍ လည်းကောင်း ပြထားရာ ပန်းမြတ်နိုးသူ၊ သဘာဝအလှအပ ချစ်ခင်နှစ်သက်သူ၊ ပြည်တွင်းပြည်ပမှ အပန်းဖြေ လေ့လာခံစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အသစ်ဖွင့်လှစ်လိုက်သည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်သစ်ခွဥယျာဉ်တွင်လည်း ပြည်တွင်းရှားပါးသစ်ခွများဖြစ်သည့် သစ်ခွနက်၊ ချင်းသစ်ခွနီ အစရှိသည့် ရှားပါးစာရင်းဝင် သစ်ခွမျိုးစုံအပြင် နိုင်ငံခြားမျိုးသစ်ခွမျိုးစုံတို့ကို စိုက်ပျိုးခင်းကျင်းပြသထားရာ ဥယျာဉ်သို့ လာရောက်အပန်းဖြေအနားယူကြသည့် ပြည်သူများအတွက် စိတ်ကြည်နူးချမ်းမြေ့ကြပြီး ဗဟုသုတလည်းရရှိကြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင်လည်း ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်လေးသဖွယ် ပြည်နယ်နှင့်တိုင်းအလိုက် ဂုဏ်ယူဖွယ်ရာအထိမ်းအမှတ်များကိုလည်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ ဥယျာဉ်ရှေ့ ပြည်ထောင်စုရင်ပြင်ဖျော်ဖြေရေးစင်မြင့်၌ အင်ပါယာတေးဂီတအဖွဲ့မှ နာမည်ကြီးအဆိုတော်များက သီဆိုဖျော်ဖြေလျက်ရှိကြရာ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် နန်းမြင့်မျှော်စင်အနီးရှိ ခေတ်ပေါ် စင်တင်တေးဂီတဖျော်ဖြေပွဲ၌လည်း နိုင်ငံကျော်အဆိုတော်များ ပါဝင်ဖျော်ဖြေလျက်ရှိကြရာ ဂီတမြတ်နိုးသူလူငယ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ အဆိုပါ တေးဂီတဖျော်ဖြေပွဲများကို မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ဒီဇင်ဘာ ၁၆ ရက်အထိ တင်ဆက်ဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၁)နှစ်မြောက် နှစ်ပတ်လည်နေ့၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်၊ ဒုတိယအကြိမ်မြောက်ပန်းပွဲတော်နှင့် အဆင့်မြင့်သစ်ခွဥယျာဉ်တို့တွင် အပန်းဖြေလာရောက်ကြည့်ရှုလေ့လာသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။** (သစ်တော)

# (၇)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

**(၇)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (၂၀၀၇) ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ ကျယ်ဂေါင် အပြည်ပြည်ဆိုင်ရာပြပွဲနေရာ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျိုပင်တို့ တက်ရောက်၍ မိန့်ခွန်းပြောကြားကြသည်။**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ ကျယ်ဂေါင်အပြည်ပြည်ဆိုင်ရာ ပြပွဲနေရာ၌ ကျင်းပသော (၇)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ(၂၀၀၇)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာလျိုပင်တို့သည် ရွှေလီမြို့ Jing Chengဟိုတယ်၌ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။ အလားတူ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ တတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေးကို ရွှေလီမြို့ Jing Cheng ဟိုတယ်တွင်ကျင်းပရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့် ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာလီကြားရှို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များက နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

ယခုကျင်းပသည့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (၂၀၀၇)ဖွင့်ပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၆၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပြခန်းပေါင်း ၃၄၀ ပါဝင်ပြသပြီး ပြခန်းများတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ၊ ရွှေချည်ထိုးနှင့် ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ လက်မှုပစ္စည်းမျိုးစုံ၊ တိုင်းရင်းဆေးနှင့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ပါဝင်ပြသသည့်အပြင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှလည်း ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ရန်အတွက် ဓာတ်ပုံ၊ ပိုစတာ၊ လက်ကမ်းစာစောင်၊ မြေပုံများဖြင့် ပါဝင်ပြသသည်။

မြန်မာ-တရုတ် ကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တို့တွင် အလှည့်ကျ ကျင်းပလျက်ရှိရာ ယခု (၇)ကြိမ်မြောက် ကုန်စည်ပြပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဗမ္မာ့အေးစေတီ ဗုဒ္ဓပူဇနိယပွဲနှင့် ပဋ္ဌာန်းရွတ်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် (ရ)ရပ်ကွက် သီလဝိသောဓနီ နှစ်ထပ် သိမ်တော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော ဇမ္ဗူအေးစေတီတော်မြတ် တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို (၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်မှ နတ်တော်လပြည့်နေ့)အထိ ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အရဏ်ဆွမ်းအတွက် ကျပ်ငါးသောင်း၊ အရဏ်အချိုပွဲအတွက် ကျပ်နှစ်သောင်း၊ နေ့ဆွမ်းအတွက် ကျပ်ခုနစ်သောင်း၊ နေ့ဆွမ်းအချိုပွဲအတွက် ကျပ်သုံးသောင်းနှင့် ဝတ္ထုငွေကြေး လှူဒါန်းလိုပါက ရတနာဇေယျာကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ဖုန်း-၆၉၀၁၂၄၊ မြတ်မင်္ဂလာကျောင်း ဆရာတော် အရှင်ဩဘာသ ဖုန်း-၆၉၀၄၉၉ နှင့် သိမ်တော်ကြီး အကျိုးဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ပုသိမ်မြို့ သမိုင်းဝင်တာဝတိံသာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်၌ ကပြဖျော်ဖြေခဲ့သော မန္တလေးမြို့ ရွှေမန်းမြန်မာ့စတား ကြိုးမဲ့ရုပ်စုံဇာတ်အဖွဲ့ဒါရိုက်တာ ရွှေမန်းသန်းမြင့်မိသားစုက တာဝတိံသာဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရန် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဖလားကျေးရွာ/ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၀၇-၂၀၀၈ခုနှစ် စွမ်းအင်ဝန်ကြီးဖလား စတုတ္ထအကြိမ် ကျေးရွာနှင့် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အောင်ဆန်းသူရိယလှသောင်း အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။ ထို့နောက် ပွဲဦးထွက်ပွဲစဉ်အဖြစ် တောကြီးတန်းအသင်းနှင့် ဒေးဒရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောကြီးတန်းအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါပြိုင်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မခရီးစဉ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ သာသနတက္ကသီလဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တကောဝိဒသည် ဒီဇင်ဘာ၁၅ရက်ညနေ ၆နာရီခွဲတွင် အနောက်ရန်ကင်း အရိယာဓမ္မာရုံ၊ည၈နာရီတွင် တောင်ဥက္ကလာမင်္ဂလာလမ်း၊ ၁၆ ရက် ည ၇ နာရီတွင် အနောက်ရန်ကင်း အရိယာဓမ္မာရုံ၊ ၁၇ရက်ည၇နာရီတွင် မန္တလေးမြို့ အိမ်တော်ရာဘုရား ဓမ္မပါရမီ(လေး)နှစ်ပြည့်အထူးတရားပွဲ၊ ၁၈ ရက်ည ၈နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဆွမ်းအောင်ပွဲ၊ ၁၉ ရက်ညနေ ၅နာရီတွင် တိုက်ကြီးမြို့နယ် ပြည် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ ည၇နာရီတွင် သုံးဆယ်မြို့ ထူပါရုံကျောင်းတိုက်၊ ၂၀ရက်တွင် ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာ၊ ၂၂ရက် ညနေ ၆နာရီခွဲတွင် ဘုရင့်နောင်ပွဲရုံတန်း၊ ည၈နာရီတွင် လှိုင်မြို့နယ် ၇လမ်း ဓမ္မသဘင်၊ ၂၃ရက်ည၇နာရီတွင် သင်္ဃန်းကျွန်း မြို့နယ် သုမင်္ဂလာအိမ်ရာ၊ ၂၄ ရက်တွင် တောင်ဥက္ကလာ၁၂ရပ်ကွက် မိဂသီလမ်း ဆွမ်းအောင်ပွဲ၊ ၂၅ ရက်တွင် ၂၄လမ်း(အောက်လမ်း)တြိရတနာဓမ္မာရုံ၊ ၂၆ရက် ည၇နာရီတွင် ရွာမပရိယတ္တိစာသင်တိုက် ဂုဏပူဇာသဘင်၊ ၂၇ရက် ည ၆နာရီခွဲတွင် တောင်ဒဂုံစက်မှုဇုန်(၂)၊ မြတ်သစ္စာဓမ္မာရုံ၊ ည၈နာရီခွဲတွင် သာကေတမြို့နယ် ရန်ပြေ-မာရဝိဇယဓမ္မာရုံ၊၂၈ရက်ည၇နာရီတွင် စမ်းချောင်းမြို့နယ် သီရိခေမာ ရပ်ကွက် ရတနတ္တယသမဂ္ဂဝတ်အသင်း အထူးပွဲ၊ ၂၉ ရက် ည ၇နာရီတွင် ၁၆/၄ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်အထူးပွဲ၊ ၃၀ရက်ည၇နာရီတွင် မလွန်ကုန်းမီးရထား ဝင်း၊ ၃၁ရက် ည၇နာရီတွင် ၁၃၃လမ်း အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

# (၁၁)ကြိမ်မြောက် သွေးလှူရှင်များနေ့ သွေးလှူရှင်များအား ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ဗဟိုအမျိုးသားသွေးလုပ်ငန်း ကော်မတီက ကြီးမှူးသည့် (၁၁)ကြိမ်မြောက် သွေးလှူရှင်များနေ့နှင့် သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဗဟိုအမျိုးသားသွေးလုပ်ငန်းကော်မတီဝင်များ၊ သွေးလှူရှင်စုဆောင်းရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စေတနာ သွေးလှူရှင် သံဃာတော်များ၊ သီလရှင်များနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာဗဟိုအမျိုးသားသွေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၇ခုနှစ်အတွင်း သွေးလှူရှင်စုဆောင်းရေးလုပ်ငန်းများ၊ သွေးခံအိတ်နှင့် စက်ပစ္စည်းများအတွက် အလှူရှင်များဖြစ်ကြသော ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့က ငွေကျပ် ၁၅၈၆၇၀၀၊ မြန်မာ ဘရူဝါရီလီမိတက်က ငွေကျပ်သိန်း ၃၀၊ **(အောက်ဝဲပုံ)** မီကိုကော်ဖီမစ်က နိုင်ငံခြားငွေ ဒေါ်လာ ၆၉၇၀ နှင့် ရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ် ၂၆၆၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ JACA Myanmar၊ ရန်ကုန်မြို့တွင်းရှိ ဆေးရုံကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီများအပါအဝင် အလှူရှင် ၁၉ ဦးတို့က စုစုပေါင်းငွေကျပ် ၂၈၉၀၀၀၀ နှင့် စောင်အထည် ၁၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအမျိုးသားသွေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များနှင့် စေတနာသွေးလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းကာ ကြွရောက်တော်မူကြသည့် စေတနာသွေးလှူရှင် သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

# စိန့်မေရီ ဒိုင်အိုစီစင်မိန်းကလေးကျောင်း ယခု အထက(၁)ပန်းဘဲတန်း အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

စိန့်မေရီ ဒိုင်အိုစီစင်မိန်းကလေး အထက်တန်းကျောင်းတွင် ၁၉၄၇ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ကျော် ဆရာမကြီးများအား ကျောင်းသူဟောင်းများက (၃၆)ကြိမ်မြောက် အာစရိယ ပူဇော်ကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် Holly Trinity ဘုရားရှိခိုးကျောင်းရှိ Parish Hall ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်ဘာဘရာ ဖုန်း-၇၁၀၂၁၀၊ ဒေါ်ရိုစီတင်တင်လွမ်း ဖုန်း-၃၈၂၀၁၁၊ ဒေါ်ခင်ဖြူဝင်း ဖုန်း-၆၆၆၈၇၁၊ ဒေါ်ဟယ်လင်းအောင် ဖုန်း-၆၆၄၅၆၆၊ ဒေါက်တာဒေါ်သိန်းမြင့် အောင် ဖုန်း-၆၆၀၂၇၃၊ ဒေါ်လောနာဘီ ဖုန်း-၆၄၁၄၆၆နှင့် ဒေါ်ဒိုရာခင် ဖုန်း-၂၄၅၆၄၈ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နိဗ္ဗာန်ဈေးအလှူပွဲ

**ရန်ကုန်　ဒီဇင်ဘာ　၁၅**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲကို (၁၈)ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၂၂ရက်(စနေနေ့) ညနေ ၃နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

နိဗ္ဗာန်ဈေးတွင် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရောင်းရငွေများ အားလုံးကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင် ပျော်ရွှင်စရာ ကစားနည်းများပါဝင်မည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်အဖြစ် မင်းသမီးချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်နှင့် ရုပ်ရှင်ဟာသသရုပ်ဆောင်များ ဖြစ်ကြသော ကျော်ထူး၊ကင်းကောင်၊ကုသိုလ်၊တိမ်ညွန့်တို့ပါဝင်သည့် စေတနာအငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## ဆေးတက္ကသိုလ်(၂)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်　ဒီဇင်ဘာ　၁၅**

ဆေးတက္ကသိုလ်(၂)မင်္ဂလာဒုံ (၁၉၇၄–၈၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိနှင့် မိတ်ဆုံစားပွဲကို နံနက် ၁၁နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဒေါက်တာကျော်မြင့်ဦး ဖုန်း–၀၉ ၅၁ ၅၆၇၈၄၊ ဒေါက်တာ အောင်ချို ဖုန်း–၀၉ ၅၀ ၁၂၂၇၄၊ ဒေါက်တာအောင်မြင့်ဇော် ဖုန်း–၅၂၅၅၉၄၊ ဒေါက်တာ စန်းစန်းမြင့် ဖုန်း–၀၉ ၅၀ ၁၇၄၀၄၊ ဒေါက်တာမြင့်နိုင် ဖုန်း–၀၉ ၅၀ ၁၈၈၉၂၊ ဒေါက်တာ အောင်တင်ဦး ဖုန်း–၀၉ ၅၀ ၁၅၂၁၁၊ ဒေါက်တာ နေစိုးမောင် ဖုန်း–၅၃၄၇၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

မန်–စီးတီးမှ ရော်လန်ဒိုဘီယန်ချီ ဘော်လ်တန်ဘက်သို့ ဂိုးသွင်းစဉ်။

## ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ မန်ချက်စတာစီးတီးအနိုင်ရ

လန်ဒန်　ဒီဇင်ဘာ　၁၅

**အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပသည်။ အင်္ဂလန်မြောက်ပိုင်း မန်ချက်စတာမြို့၌ မန်ချက်စတာစီးတီးအသင်းနှင့် ဘော်လ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာစီးတီးအသင်းက ဘော်လ်တန်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။**

ပွဲချိန် ၇မိနစ်တွင် မန်ချက်စတာစီးတီးအသင်းမှ ရော်လန်ဒိုဘီယန်ချီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၃၀တွင် ဘော်လ်တန်အသင်းမှ ဒိုင်အုပ်က ချေပဂိုး ပြန်လည်သွင်းယူသည်။

ပွဲချိန် မိနစ် ၄၀တွင် ဘော်လ်တန်အသင်းမှ နိုလန်က ဂိုးသွင်းနိုင်ပြီး ပွဲချိန် ၄၈မိနစ်တွင် မီချာလစ်က ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် မန်စီးတီးအသင်း ချေပဂိုးရရှိခဲ့သည်။

ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၉၀တို့တွင် ဗက်ဆဲလ်နှင့်အီတူးတို့ကမန်စီးတီးအသင်းအတွက် အနိုင်ဂိုးများ သွင်းယူခဲ့သည်။

**အခြားပွဲ ရလဒ်များ**

| | | |
|---|---|---|
| ပို့စ်မောက် | (၀–၁) | စပါး |
| ဆန်ဒါလန်း | (၁–၁) | အက်စ်တန်ဗီလာ |
| ဒါဘီ | (၀–၁) | မစ်ဒယ်ဘရော့ |
| ဘာမင်ဂမ် | (၁–၁) | ရီးဒင်း |
| ဝက်စ်ဟမ်း | (၀–၂) | အဲဗာတန် |

*အင်တာနက်။*

**နိုင်ငံတကာ အားကစား သတင်းများ**



**မန်ချက်စတာ ယူနိုက်တက် အသင်းခေါင်းဆောင် ဂါရီနဗီးလ်။**
*(ဓာတ်ပုံ–အင်တာနက်)*

## ဘောလုံးကစားနိုင်မည်ဟု မန်ယူအသင်းခေါင်းဆောင် နဗီးလ်မျှော်လင့်

**လန်ဒန် ဒီဇင်ဘာ ၁၅**

မိမိသည် မကြာမီ ဘောလုံးပြန်လည်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း မန်ချက်စတာယူနိုက်တက် အသင်းခေါင်းဆောင် ဂါရီနဗီးလ်က ယနေ့ပြောကြားသည်။

အသက် ၃၂နှစ်အရွယ်ရှိ နဗီးလ်သည် ခြေချင်းဝတ်ထိခိုက်ဒဏ်ရာရမှုကြောင့် မတ်လမှစ၍ ဆေးဝါးကုသမှု ခံယူခဲ့ရသည်။

မိမိသည် လာမည့် ရက်သတ္တပတ်အရောက်တွင် ဘောလုံးပြန်လည်လေ့ကျင့်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အင်ပြည့်အားပြည့် ဘောလုံးကစားနိုင်သည်အထိ ကြံ့ခိုင်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ *အင်တာနက်*

## အင်္ဂလန်အသင်း မန်နေဂျာအဖြစ် အောင်မြင်ရေးကာပယ်လိုကြိုးပမ်းသင့်

**တိုကျို ဒီဇင်ဘာ ၁၅**

အီတလီဘောလုံးနည်းပြ ဖာဘီယိုကာပယ်လိုသည် အင်္ဂလန် လက်ရွေးစင်အသင်း၏ မန်နေဂျာ ရာထူးတွင် အောင်မြင်မှုရရှိအောင် ကြိုးပမ်းသင့်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ယနေ့ပြောကြားသည်။

အင်္ဂလန်အသင်းကို မည်သည့်လူမျိုးက တာဝန်ယူသည်ဖြစ်စေ အသင်းမန်နေဂျာဖြစ်သူသည် ဘောလုံးသမားများကို တိုက်ရိုက်ပြောဆိုညွှန်ကြားနိုင်ရန်လိုအပ်ကြောင်း၊ စကားပြန်မှတစ်ဆင့် ပြောဆိုရမှုမျိုးမဖြစ်သင့်ကြောင်း ဂျပန်နိုင်ငံ တိုကျိုတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသည်။

**အင်္ဂလန်အသင်း မန်နေဂျာသစ် ဖာဘီယိုကာပယ်လို။**
*(ဓာတ်ပုံ–အင်တာနက်)*

အင်္ဂလန်အသင်း မန်နေဂျာအတွက် နိုင်ငံခြားသားတစ်ဦးကို ငှားရမ်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်မှုအချို့ရှိခဲ့သည်ကို ဘလတ္တာက တုံ့ပြန်ပြောဆိုခြင်းဖြစ်သည်။

ဘာသာစကား ကျွမ်းကျင်သူသည် နိုင်ငံခြားသား ဘောလုံးနည်းပြများ ရှိသင့်သည့် စံဖြစ်သည်ဟု မိမိယူဆကြောင်း ၎င်းကပြောကြားသည်။

*အင်တာနက်*

## ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင် အစွမ်းပြသူများ



**မျက်ခွံတွင်ချိတ်ထားသောကြိုးဖြင့် မော်တော်ကားကိုဆွဲ**

တရုတ်နိုင်ငံ ကျိလင်းပြည်နယ် ချန်းချွန်မြို့၌ ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၆ရက်က တောင်ချန်းရှန်အမည်ရှိ အမျိုးသားတစ်ဦးက မျက်ခွံ၌ ချိတ်ထားသော ကြိုးဖြင့် ချိတ်ဆွဲကာ မော်တော်ကားတစ်စီးကို ရွှေ့လျားစေခဲ့သည်။ **(အပေါ်ပုံ)** မိမိသည် ချီကုန်း(ခေါ်) အသက်ရှုလေ့ကျင့်ခန်းဖြင့် စိတ်စွမ်းအင်စုစည်းကာ မျက်ခွံ ကို အင်အားကောင်းမွန်အောင် လုပ်ဆောင်နိုင်ကြောင်း တောင်ချန်းရှန်က ပြောကြားသည်။

### ကွန်ကရစ် ၂၁ချပ်ကို လက်ဝါးစောင်းဖြင့်ရိုက်ခွဲ

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့တွင် နာ့ဗ်လာရက်ဆိုသူ အမျိုးသားတစ်ဦးသည် ကွန်ကရစ် ၂၁ချပ်ကို ထပ်ကာ လက်ဝါးစောင်းဖြင့် ရိုက်ခွဲပြကာ စံချိန်တင်နိုင်ခဲ့သည်။

### ပူဖောင်းများဖြင့် အမြင့်ပျံ

၂၀၀၁ခုနှစ် ဩဂုတ် ၄ရက်က အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အယ်လ်ဘူကွာကီမြို့အနီးတွင် ဗြိတိန်နိုင်ငံမှ မိုက်ဟောင်းဝပ်ဒ်က ဟေလီယမ်ဓာတ်ငွေ့သုံး မိုးပျံပူဖောင်းအလုံးပေါင်း ၁၄၀၀ကို အသုံးပြုကာ အမြင့်ပေ ၁၈၃၀၀အထိ ရောက်အောင် ဝေဟင်ပေါ်၌ ပျံဝဲပြနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

**ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၆၀၀ ကျော်တွင်တည်ရှိသော ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့ရှိ ဘောလုံးကွင်း။** *(ဓာတ်ပုံ–အင်တာနက်)*

## မီတာ ၂၇၅၀ကျော်အမြင့်၌ ဘောလုံးပွဲကျင်းပမှု ပိတ်ပင်မည်

**တိုကျို　ဒီဇင်ဘာ　၁၅**

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၇၅၀ (၉၀၂၂ပေ)ထက်ကျော် အမြင့်ရှိသည့် ဘောလုံးကွင်းများ၌ နိုင်ငံတကာဘောလုံးပြိုင်ပွဲကျင်းပမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ယနေ့ဆုံးဖြတ်လိုက်သည်။

တောင်ပေါ်ရှိ မြို့ကြီးများရှိ ဘောလုံးကွင်းများ၌ ဘောလုံးကစားကြရသည့် ဘောလုံးသမားများ၏ကျန်းမာရေးကို မိမိတို့ အလေးထားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကလပ်ချန်ပီယံဘောလုံးပြိုင်ပွဲ ကျင်းပနေသည့် ဂျပန်နိုင်ငံ တိုကျိုတွင် အစည်းအဝေးကျင်းပပြီးနောက် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကပြောကြားသည်။

မီတာ ၂၅၀၀ အမြင့် သို့မဟုတ် ယင်းထက်ပိုမိုသောအမြင့်တွင် ဘောလုံးပြိုင်ပွဲမကျင်းပရန် ဖီဖာက မေလတွင်စည်းမျဉ်းထုတ်ပြန်ခဲ့သည်။ သို့ရာတွင် မီတာ ၃၀၀၀အမြင့်အထိရှိသော ဘောလုံးကွင်းများ၌ ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ခွင့်ရှိသည်ဟု ဇွန်လတွင် ယင်းစည်းမျဉ်းကိုပြင်ဆင်ခဲ့သည်။

နောက်ဆုံး ဆုံးဖြတ်ချက်အရမူ ဘောလုံးကွင်းတည်ရှိရာ အမြင့်သတ်မှတ်ချက်ကို မီတာ ၂၇၅၀ သို့ပြင်ဆင်ခြင်းဖြစ်သည်။ ***အင်တာနက်***

## ဒီဇင်ဘာ စာဖတ်ပွဲကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၁၅**

ဒီဇင်ဘာလကို စာဖတ်ပွဲတော်လဟု သတ်မှတ်ပြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၇ရက်က အထက(၃) စာကြည့်တိုက်၌ စာဖတ်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားကို အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဒီဇင်ဘာ စာဖတ်ပွဲတော် အခမ်းအနားတွင် နဝမတန်း(ဒီ)မှ မောင်စိုးသီဟက ချစ်နိုင်(စိတ်ပညာ)၏ ရွှေဖိနပ်ရုပ်တိုက်စီးစာအုပ်မှ "ယနေ့လူငယ် နောင်ဝယ်အင်အား" ဆောင်းပါးကိုလည်းကောင်း၊ မဝတ်မှုံဖြူက "အဆုတ်နှင့် ကလီစာများကို မီးမြှိုက်ခြင်း" ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ဆောင်းပါးရှင်၏စေတနာကို သုံးသပ်ဆွေးနွေးပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

# ရတနာပုံတယ်လီပို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းကို ဂုဏ်ပြုကြိုဆိုပါသည်။

**Technomation Studios** **A & T International Co.Ltd.**
**Pace Computer System** ကွန်ပျူတာဂျာနယ်

ရတနာပုံတယ်လီပို့အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းကိုဂုဏ်ပြုသောအားဖြင့် MyMyanmar project နှင့်ဆက်စပ်လုပ်ငန်းများမှ ထုတ်ကုန်များကိုအခမဲ့စမ်းသပ်နိုင်ရန် ၂၁၊ ၁၂၊ ၂၀၀၇ နေ့မှစတင်ပြီး ရယူနိုင်ပါသည်။

**MyMyanmar Unicode System Online Version**

MyMyanmar Unicode System Second Generation ကိုအင်တာနက်အသုံးပြုသူများ စမ်းသပ်အသုံးပြုနိုင်ရန် ဖြစ်ပါသည်။ Unicode Standard 5.X ကို လိုက်နာသော မည်သည့် font မျိုးကိုမဆို အသုံးပြုနိုင်ပြီး လက်နှိပ်စက်လက်ကွက် (Win-Innwa)၊ Phonetic လက်ကွက် (Apple လက်ကွက်) နှင့် MyRoman (မြန်မာစာကို အင်္ဂလိပ်အသံထွက်အတိုင်း ရိုက်နိုင်သောလက်ကွက်) များပါဝင်သည်။ ၂၀၀၈ ခုနှစ်ဖေဖော်ဝါရီလတွင် full version ထွက်ပါမည်။ ကွန်ပျူတာကို မြန်မာဘာသာဖြင့်အသုံးပြုနိုင်သော MyWindows အပါအဝင် ArtHouse, ဇော်ဂျီ အစရှိသည့် font ဒီဇိုင်းမျိုးစုံ ၁၀၀ ခန့် ပါဝင်ပါမည်။ *www.mymyanmar.net*

**Messx**

မိုဘိုင်းလ်တယ်လီဖုန်းတစ်လုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော ဆော့ဖ်ဝဲဖြစ်ပါသည်။ မိုဘိုင်းလ်တယ်လီဖုန်းတစ်လုံး၏ Address book, တယ်လီဖုန်းခေါ်ဆိုမှု၊ message ပေးပို့မှုတို့ကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည် (ပေးပို့နိုင်မည်ဖြစ်ပါသည်။ Message ကို ကွန်ပျူတာဖြင့်ပါ MyMyanmar Unicode System ဖြင့် ချိတ်ဆက် အသုံးပြုနိုင်ပါသည်။) ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ မိုဘိုင်းလ်အရောင်းဆိုင်များ၊ စူပါမားကက်များနှင့် အင်တာနက်မှပါ တိုက်ရိုက်ရောင်းချပေးပါမည်။ *www.messx.net*

**မိုဘိုင်းလ်တယ်လီဖုန်းများအတွက် အင်္ဂလိပ် - မြန်မာ အဘိဓာန်**

မိုဘိုင်းလ်တယ်လီဖုန်းများဖြင့် အင်္ဂလိပ် - မြန်မာအဘိဓာန်ကို အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေထားသော ကျောင်းသားသုံး အင်္ဂလိပ် - မြန်မာ အဘိဓာန်ကို မိုဘိုင်းလ် တယ်လီဖုန်းများအတွက် ထုတ်ဝေမည်ဖြစ်ပါသည်။ အသုံးပြုလိုသူတိုင်း အခမဲ့ရယူစမ်းသပ်နိုင်ပြီဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ မိုဘိုင်းလ်အရောင်းဆိုင်များ၊ စူပါမားကက်များနှင့် အင်တာနက်မှပါ တိုက်ရိုက်ရောင်းချပေးပါမည်။ *www.messx.net*

**Electronic Dictionary**

မြန်မာအဘိဓာန်၊ အင်္ဂလိပ် - မြန်မာ အဘိဓာန်နှင့် မြန်မာ - အင်္ဂလိပ်အဘိဓာန်များကို အိတ်ဆောင်အီလက်ထရောနစ် အဘိဓာန်အဖြစ် ထုတ်ဝေပါမည်။ ဝေါဟာရ ရှင်းလင်းချက်များကို တိကျမှန်ကန်စွာ ဖော်ပြပေးမည့်အပြင် မြန်မာစာလုံးပေါင်းသတ်ပုံစစ်ဆေးပေးနိုင်မည့်စွမ်းဆောင်ရည်လည်းပါဝင်မည်ဖြစ်ပါသည်။ ထုတ်လုပ်ရောင်းချမည့်ရက်မှာ ၂၀၀၈ ခုနှစ် မေလ ဖြစ်ပါသည်။ *www.mymyanmar.net*

## မင်္ဂလာလက်ထပ်ပြီးစီးခြင်း ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပိတောက်ရိပ်မွန်၊ တိုက် (H)၊ အခန်း (၁)နေ
ဦးစိုးမြင့်(ရှမ်းပြည်နယ်ဥပဒေအရာရှိ)–ဒေါ်ဝါဝါကျော်တို့၏
တစ်ဦးတည်းသောသား
**မောင်စိုးလင်းဝင်း** B.E (Electronics) M.Sc. (Knowledge Management)
2nd Semester Nanyang Technological University (NTU)
IT Officer (SINGAPORE SILAT FEDERATION), Singapore
နှင့်
ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်၊ အိမ်အမှတ် (၃) နေ (ဦးတင်ဖေ–ဒေါ်ခင်ခင်)တို့၏
သမီးကြီး
**ဒေါက်တာလှမြတ်ကောင်း** Ph.D (I.T)
**ကထိက၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

တို့၏ ၁၄–၁၂–၂၀၀၇ ရက်နေ့က ရန်ကုန်မြို့ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး သံလွင်ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီအားလည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး (ငြိမ်း) ဦးခင်မောင်အေးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပစ္စည်းချီးမြှင့်ပေးပို့ပါသော ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့အားလည်းကောင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်းတို့အားလည်းကောင်း၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးဇေယျအားလည်းကောင်း၊ မင်္ဂလာဦး အလှူဒါနများအဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် မွေတော်ကက္ကူဘုရားပြုပြင်ရန် လှူဒါန်းခြင်း၊ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် လှူဒါန်းခြင်း၊ ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက်သို့ ပိဋကတ်သုံးပုံ (ပါဠိ) စာအုပ် ၄၀ လှူဒါန်းခြင်း၊ တိပိဋက နိကာယကျောင်းတိုက်သို့ ငွေပဒေသာပင်အတွက် လှူဒါန်းခြင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် လှူဒါန်းခြင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေပဒေသာပင် လှူဒါန်းခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းသို့ ငွေပဒေသာပင် လှူဒါန်းခြင်း၊ နာရေးကူညီမှုအသင်းသို့ ငွေပဒေသာပင် လှူဒါန်းခြင်း၊ မင်္ဂလာဆွမ်းကပ်လှူခြင်းတို့တွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ **မောင်စိုးလင်းဝင်း–ဒေါက်တာလှမြတ်ကောင်း**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဧရာဝတီလမ်း၊ အမှတ် (၆၅) နေ
ဦးအောင်ကျော်လင်း (Director, Majestic Mandalay Tourism Services Co., Ltd.)–
ဒေါ်ခင်ခင်ညွန့် (ညွှန်ကြားရေးမှူး–ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)တို့၏သားငယ်
**မောင်ဖြိုးဇော်အောင်** B.Sc (Chem), M.B.A ICT Officer, Malteser International,
Director, Majestic Mandalay Tourism Services Co., Ltd.
နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉) လမ်း၊ အမှတ် (၇၃) နေ
ဦးဇော်ဆန်းဦး–ဒေါ်ခင်ခင်ဦး (ထွန်းသစ်စ–ငွေဆိုင်)တို့၏သမီးဦး
**မကေခိုင်ဇော်** Ph.D (Thesis) (Chem:)
**သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

တို့ကို မိဘတို့ဝတ္တရားရှိသည့်အတိုင်း ၂–၁၂–၂၀၀၇ ရက်တွင် နေအိမ်၌ တရားသူကြီး ဒေါ်ရီရီခင် ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ၁၅–၁၂–၂၀၀၇ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲ ကျင်းပပြီးစီးပြီဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးဇော်အောင်–မကေခိုင်ဇော်**

## မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒီဇင်ဘာ ၃၀ရက်နှင့် ၃၁ရက်တို့တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်အထိမ်းအမှတ် အဌမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ပညာရှင်အဆင့်နှင့် အပျော်တမ်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြားကျင်းပမည်ဖြစ်ပြီး ယခုအကြိမ်တွင်လည်း ယခင်နှစ်များနည်းတူ အမျိုးသမီးဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဌာနမှူး၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဖုန်း–၀၉–၂၀၁၁၉၈၄၊ ၀၂–၆၂၃၀၈ နှင့် ရေတံခွန်တောင်ဂေါက်ကွင်း ဖုန်း–၀၂–၈၈၇၃၁၊ ၈၈၇၄၄ တို့သို့ ဆက်သွယ်ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

ဒီဇင်ဘာ ၁၃ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အမက (၁၆)တွင် အလှူရှင် ဗိုလ်ကြီးအောင်ဝင်း(ငြိမ်း)–ဒေါ်မူမူချို တို့၏ သား မောင်သူရလင်းထက် (စတုတ္ထတန်း)မှ မွေးနေ့အာဟာရဒါနအဖြစ် ဘဲသားဆန်ပြုတ်တိုက်ကျွေးစဉ်။ (၆၃)

တောင်ဥက္ကလာပမြို့နယ် အမှတ် (၃)အခြေခံပညာ မူလတန်းကျောင်း၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း (က)၌ ပထမဆုရရှိပြီး ငါးနှစ်ဆက်တိုက် ပညာထူးချွန်ဆုရ မစန်းသော်တာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည် ဆုချီးမြှင့်စဉ်။

(ပညာရေး)

Excellent Creation
KAUNG MYAT
ကောင်းမြတ် THE 1ST ALBUM
FLOATY CLOUD
မျော လွင့် နေ တဲ့ 'တိမ်'
16/12/2007 (SUNDAY) Tape & CD ထွက်ပြီ

စုပေါင်းကာကွယ် မီးအန္တရာယ်

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်း တန်းပေါင်းစီ ကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့** *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၀) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်။

(သတင်းစဉ်)

## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေသူပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပလျက်ရှိသည့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့၌ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့၊ အမျိုးသား ကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်၊ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်နှင့် အဆင့်မြင့် သစ်ခွဥယျာဉ်တို့ကို အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် အပန်းဖြေ လာရောက်ကြည့်ရှုလေ့လာသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပန်းမျိုးစုံဖြင့် အလှဆင်ထားသည့် Snow Ball အရုပ်ကြီးများ၊ ပန်းရောင်စုံ မုခ်ဦး အလှဖြင့်

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❁

အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)တွင် အပန်းဖြေကြည့်ရှုလေ့လာသူများ စည်ကားများပြားနေသည်ကို တွေ့ရစဉ်။

(သစ်တော)

### သာသာယာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။